မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၁၉)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်သူတိုင်း ဥပဒေနှင့်အညီ လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး ဖော်ဆောင်ပေးလျက်ရှိ

ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်

နိုင်ငံနှင့်ပြည်သူများအတွက် ဥပဒေများ၊ မူဝါဒဆိုင်ရာနှင့် ပြည်ထောင်စုရေးရာကိစ္စများ ပိုမိုဖော်ဆောင်နိုင်မည်ဟု ယုံကြည်

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့စတင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတို့သို့ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌများ လိပ်မူလျက် သဝဏ်လွှာပေးပို့ခဲ့သည်။

ယနေ့ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်

အကြောင်းအရာ ။ **သဝဏ်လွှာပေးပို့ခြင်း**

၁။ နိုင်ငံနှင့်ပြည်သူတို့၏အကျိုးငှာ ဆွေးနွေးညှိနှိုင်းနိုင်ရန်အတွက် စတင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် တတိယအကြိမ် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

၂။ လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များက နိုင်ငံနှင့်ပြည်သူအကျိုးငှာ ဥပဒေရေးရာ၊ မူဝါဒရေးရာများကို အားသွန်ခွန်စိုက် ညှိနှိုင်းဆွေးနွေးဆုံးဖြတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း (၃၀-၃-၂၀၁၁)ရက်က ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည့် ပြည်ထောင်စုအစိုးရသစ်၏ မူဝါဒသဘောထားလမ်းစဉ်များနှင့်အညီ အားကြိုးမာန်တက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။

၃။ နိုင်ငံနှင့်ပြည်သူသို့ ကတိကဝတ်ပြုခဲ့ပြီးဖြစ်သည့်အတိုင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည်။

၄။ အထူးသဖြင့် ပြည်သူတိုင်း၏ လိုလားတောင့်တချက်ဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးတို့ကို အလေးထားပြီး တစိုက်မတ်မတ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိပါသည်။

၅။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေး ရရှိစေနိုင်ရန်အတွက် နိုင်ငံ၏ ပကတိအရှိတရားနှင့် အတိတ်သမိုင်း အတွေ့အကြုံများအပေါ် အခြေခံလျက် ယခင်ကနှင့်မတူသည့်မူများကို ကျင့်သုံးကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အထိ ငြိမ်းချမ်းရေးရယူနိုင်ခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့လုံးနှင့် ထိတွေ့ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့ (၆)ဖွဲ့နှင့် အခြေခံသဘောတူညီချက်များကို လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျန်အဖွဲ့ (၅)ဖွဲ့နှင့်လည်း ထိတွေ့ညှိနှိုင်းဆွေးနွေးလျက်ရှိရာ ခြုံငုံသုံးသပ်ရပါက ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ပြီး အခြေအနေကောင်းမွန်သည်ကို တွေ့မြင်နိုင်ပါသည်။ ဆက်လက်၍လည်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ ထို့ပြင် နိုင်ငံတော်တည်ငြိမ်ရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးဖော်ဆောင်နိုင်ရန် အမြင်သဘောထားမတူသည်များကိုထားပြီး အမြင်သဘောထားတူညီသည်များကို ပြည်သူများအကျိုးအတွက် ပူးပေါင်းဆောင်ရွက်ရေးမူဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်သင့်သည်များကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပရောက်နေကြသော နိုင်ငံသားများကိုလည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်အောင် လက်ကမ်းဖိတ်ခေါ်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်မှုကြောင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တိုးတက်ကောင်းမွန်လာပြီး ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုရှိလာသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။

၇။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်စူး၍ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဆိုင်ရာ ပြုပြင်ပြောင်းလဲ မြှင့်တင်မှုများကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ၏ စီးပွားရေးအဆောက်အအုံတစ်ခုလုံး ပြောင်းလဲတိုးတက်လာစေရန်အတွက် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး ပြုပြင်သင့်သည်များကို အရှိန်အဟုန်ဖြင့် ပြုပြင် ဆောင်ရွက်ပေးလျက် ရှိပါသည်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်ရန် ရေခံမြေခံ ပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာရေး ပြုပြင်ဖော်ဆောင်ပေးလျက်ရှိပါသည်။ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ သွက်လက်ချောမွေ့ ဖွံ့ဖြိုးလာစေရေးအတွက်လည်း လုပ်ထုံးလုပ်နည်းဆိုင်ရာဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက် ရှိပါသည်။

၈။ ထို့ပြင် ပြည်သူများ၊ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်ဟူသည့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုလည်း နိုင်ငံတစ်ဝန်းလုံး၌ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကဏ္ဍ (၈)ရပ်ချမှတ်ပြီး တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ၈၂ ခုတို့၌ အောက်ခြေအထိဆင်းပြီး ကျေးလက်ပြည်သူများနှင့် ပူးပေါင်းလျက် လက်တွေ့ထိရောက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။

၉။ ဒီမိုကရေစီဖော်ဆောင်ရေး သို့မဟုတ် ဥပဒေနှင့်အညီ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက်လည်း ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီ မြှင့်တင်ဖော်ဆောင်ပေးလျက် ရှိပါသည်။

၁၀။ ထိုသို့ ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများဖြင့် နိုင်ငံနှင့်ပြည်သူတို့၏အကျိုးကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် တစ်ပြိုင်တည်း နိုင်ငံတကာဆက်ဆံရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ခဲ့ရာ နိုင်ငံတကာနှင့် ချစ်ကြည်မှု၊ နားလည်မှုများ ပိုမိုမြင့်မားလာသည်ကို တွေ့မြင်နိုင်ပါသည်။

၁၁။ ထိုသို့ နိုင်ငံနှင့်ပြည်သူတို့၏အကျိုးအတွက် ဘက်စုံ၊ ထောင့်စုံမှ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပေါင်း (၁၅)ခုကို အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ခဲ့ရပါသည်။ ထိုသို့ ဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းအပါအဝင် အထက်၌တင်ပြခဲ့သည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ ထောက်ခံအားပေးမှုရရှိခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။

၁၂။ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်နှင့် နှစ်ပေါင်း (၄၀)ကျော် ကင်းကွာခဲ့ရသည့်အတွက် ယခုကဲ့သို့ လွှတ်တော်အဆင့်ဆင့် ပေါ်ပေါက်လာချိန်တွင် လွှတ်တော်အတွင်း လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ခက်ခက်ခဲခဲ ရှာဖွေလေ့လာ ကျင့်သုံးခဲ့ရသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း လွှတ်တော်ဥက္ကဋ္ဌများ၏ စွမ်းရည်ရှိရှိ ဦးဆောင်မှု၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် အဓိကကျသည့် ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ ဥပဒေဟောင်းများကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ အရေးကြီးသည့်မူဝါဒများကို ဆွေးနွေးချမှတ်ခြင်း စသည်တို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း ဝမ်းသာဂုဏ်ယူဖွယ် တွေ့ရှိရပါသည်။

၁၃။ ထို့အတူ ယခုစတင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် တတိယအကြိမ် ပုံမှန်အစည်းအဝေးတွင်လည်း တန်ဖိုးရှိလှသော လွှတ်တော်အစည်းအဝေးကာလအတွင်း နိုင်ငံနှင့်ပြည်သူများအတွက် အဓိကအရေးကြီးမည့် ဥပဒေရေးဆိုင်ရာကိစ္စများ၊ မူဝါဒဆိုင်ရာနှင့် ပြည်ထောင်စုရေးရာကိစ္စများကို ပိုမိုအလေးထား အကောင်အထည်ဖော် ဆွေးနွေးဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

၁၄။ မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့်လက်တွဲပြီး နိုင်ငံနှင့်ပြည်သူတို့၏ အနာဂတ်ဘဝ သာယာလှပစေရန်အတွက် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန်နှင့် ရေရှည်တည်တံ့ရှင်သန်နိုင်စေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဝဏ်လွှာအဖြစ် ပေးပို့အပ်ပါသည်။

(သိန်းစိန်)
နိုင်ငံတော်သမ္မတ

မြန်မာနိုင်ငံသည် အလားအလာကောင်းသော နောက်ထပ်အာရှစီးပွားရေးနယ်ပယ်သစ်တစ်ခုဖြစ်လာနိုင်

တစ်တိုင်းပြည်လုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် မေခရိုစီးပွားရေး တည်ငြိမ်မှုတည်ဆောက်ခြင်းဖြင့်စတင်သင့် ကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့အပေါ် ထိန်းချုပ်မှုများပိုမိုဖြေလျှော့ပေးသည့် ဆောင်ရွက်မှုလမ်းကြောင်းမှန်ကန်

နေပြည်တော် ဇန်နဝါရီ ၂၆

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ ပဋိညာဉ်စာချုပ် အပိုဒ် ၄ နှင့်အညီ ၂၀၁၁ ခုနှစ် စီးပွားရေးအပေါ် သုံးသပ်အကြံပြုရန် မစ္စမီရာလ် ကာရာစူးလူး ခေါင်းဆောင်သောမစ်ရှင်အဖွဲ့သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၉ရက်နေ့မှ ၂၅ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ပြီး နေပြည်တော်နှင့် ရန်ကုန်မြို့တွင် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ပါသည်။ မစ်ရှင်အဖွဲ့၏ ခရီးစဉ်အပြီးတွင် နေပြည်တော်၌ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ရာ ၎င်းသတင်းထုတ်ပြန်ချက်တွင်-

အစိုးရအဖွဲ့သစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လျင်မြန်စွာတိုးမြှင့်ရန်နှင့် လူနေမှုဘဝ မြှင့်တင်ရန် သမိုင်းတွင်မည့် အခွင့်အလမ်းကို ရရှိလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ၎င်း၏သဘာဝသယံဇာတများ၊ လူငယ်လုပ်သားအင်အားနှင့် ကမ္ဘာတွင် စီးပွားရေးတိုးတက်မှု အလျင်မြန်ဆုံး နိုင်ငံအချို့နှင့် နီးကပ်စွာ တည်ရှိမှုတို့ကို သင့်လျော်သော ပြုပြင်ပြောင်းလဲမှုများဖြင့် အကျိုးရှိရှိ ပြုပြင်ဆောင်ရွက်နိုင်ပါက အလားအလာကောင်းသော နောက်ထပ် အာရှစီးပွားရေးနယ်ပယ်သစ်တစ်ခု ဖြစ်လာနိုင်ကြောင်း။

တစ်တိုင်းပြည်လုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် မေခရိုစီးပွားရေး တည်ငြိမ်မှု တည်ဆောက်ခြင်းဖြင့် စတင်ကြိုးပမ်းသင့်ကြောင်း၊ ဤကြိုးပမ်းမှုကို တစ်ခုတည်းသော နိုင်ငံခြားငွေလဲလှယ်နှုန်းဖန်တီးရန်နှင့် လက်ရှိအပြည်ပြည်ဆိုင်ရာ နိုင်ငံခြားငွေ ပေးချေမှုနှင့် လွှဲပြောင်းမှုအပေါ် ကန့်သတ်၊ တားမြစ်ချက်များအား ဖယ်ရှားရန် စတင်ခဲ့ပြီးဖြစ်ကြောင်း၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် အစိုးရဘဏ္ဍာရေး စီမံခန့်ခွဲမှုတို့ တိုးတက်ကောင်းမွန်စေရေးနှင့် စီးပွားရေးအဆောက်အအုံ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြုပြင်ပြောင်းလဲခြင်း၏ ကောင်းကျိုးများကို အပြည့်အဝရရှိမည်ဖြစ်ကြောင်း။

စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် ပိုမိုကောင်းမွန်စေပြီး ငွေရေးကြေးရေးကဏ္ဍ ခေတ်မီတိုးတက်စေကာ ကုန်သွယ်မှုနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့အပေါ် ထိန်းချုပ်မှုများကို ပိုမိုဖြေလျှော့ပေးသည့် အစိုးရ၏ မကြာသေးမီက ကြိုးပမ်းဆောင်ရွက်မှုများသည် လမ်းကြောင်းမှန်ကန်ပြီး ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးတိုင်ပင်မှုများ၊ အခြားနိုင်ငံများ၏အတွေ့အကြုံများနှင့် အကောင်းဆုံးနိုင်ငံတကာ လုပ်ဆောင်နည်းများအား အသုံးချခြင်းဖြင့် အကျိုးရှိမည်ဖြစ်ကြောင်း။

ဈေးငွေ့တိုးတက်နှုန်း လျင်မြန်ကာ စီးပွားရေးလုပ်ငန်းအပေါ် ယုံကြည်မှု တိုးတက်လာပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ပို့ကုန်များမြင့်မားလာ၍ မြန်မာနိုင်ငံအမှန်စီးပွားရေး တိုးတက်နှုန်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ၆ရာခိုင်နှုန်းသို့ တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း။

စီးပွားရေးတိုးတက်မှုအတွက် အတားအဆီးများအားဖယ်ရှားရာတွင် ရှုပ်ထွေးသောနိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်အား ဦးစားပေးပြုပြင်ရန်လိုအပ်ကြောင်း၊ ထို့အပြင် "ပို့ကုန်ပထမ" မူဝါဒကို ဖယ်ရှားကာ သွင်းကုန်များအား လွတ်လပ်စွာတင်သွင်းခွင့်ပြုသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငွေကြေးမူဝါဒအဆောက်အအုံတည်ဆောက်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား လွတ်လပ်စွာ လုပ်ငန်းလုပ်ဆောင်ခွင့်နှင့် တာဝန်ယူဆောင်ရွက်ခွင့်ပြုရန် အာဏာပိုင်များ၏ အစီအစဉ်သည် ကြိုဆိုထိုက်သော အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ပထမခြေလှမ်းဖြစ်ကြောင်း၊ မကြာသေးမီက အတိုးနှုန်းလျှော့ချမှုများကို ကြိုဆိုကြောင်း၊ လက်ရှိစီးပွားရေးတိုးတက်မှုနှင့် ရှေ့အလားအလာများ၊ ငွေဖောင်းပွမှုအလားအလာများတို့အရ အနီးကပ်ကာလအတွင်း အတိုးနှုန်းများ ထပ်မံလျှော့ချရန် လိုအပ်မည်မဟုတ်ကြောင်း၊ ပြည်သူ့လွှတ်တော်အသစ်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အစိုးရဘတ်ဂျက်ကို ဆွေးနွေးခြင်းသည် အမျိုးသားအဆင့် အသုံးစရိတ် ဦးစားပေးသုံးစွဲမှုများကို တိတိကျကျ ပြန်လည်ပြင်ဆင်သတ်မှတ်ရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန် သမိုင်းတွင်မည့် အခွင့်အလမ်းတစ်ရပ် ရရှိစေကြောင်း၊ ယခင်နှစ်ကထက် ၁ ရာခိုင်နှုန်းခန့်လျော့နည်းပြီး ဂျီဒီပီ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းသည့် အစိုးရဘတ်ဂျက် လိုငွေကို အသင့်အတင့်မျှသောအဆင့်တွင်လျာထားကာ ကျန်းမာရေးနှင့်ပညာရေး သုံးစွဲမှုကို ပြန်လည်ဦးစားပေးရေး အစီအစဉ်များအား ကြိုဆိုကြောင်း၊ တစ်ခုတည်းသော နိုင်ငံခြားငွေလဲလှယ်နှုန်းပြုလုပ်ခြင်းဖြင့် အစိုးရရငွေများကို တိုးတက်စေမည်ဖြစ်ကြောင်း၊ သို့ရာတွင် စျေးကွက်နိုင်ငံခြားငွေလဲလှယ်နှုန်းသည် သွင်းကုန်အားထားသော နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အရှုံးပေါ်ပေါက်မှုများအား ပေါ်လွင်လာစေမည်လည်း ဖြစ်ကြောင်း၊ ခြုံ၍ဆိုရလျှင် နှစ်လတ်ကာလတွင် အစိုးရ ဘတ်ဂျက်အခြေအနေ တိုးတက်လာဖွယ်ရှိကြောင်း။

အခွန်စည်းကြပ်မှုစနစ်ကို ရိုးရှင်းလွယ်ကူစေရန် မကြာသေးမီက ကြိုးပမ်းမှုများအား ကြိုဆိုကြောင်း၊ အခွန်ရလမ်းများ တိုးချဲ့ရေးနှင့်အခွန်ရှောင်မှုတားမြစ်ရေး ပြုပြင်ပြောင်းလဲမှုများမှာ အခွန်စီမံခန့်ခွဲမှုတွင် အရေးပါသဖြင့် ၎င်းတို့ကို ဆက်လက်ဆောင်ရွက်သင့်ကြောင်း။

ဘဏ်များအကြား ယှဉ်ပြိုင်မှုတိုးမြှင့်ပေးရန် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအကြား ဘဏ်လုပ်ငန်းများအား တစ်ပြေးညီ ဆောင်ရွက်စေသင့်ကြောင်း၊ နိုင်ငံခြားဘဏ်များနှင့် ဖက်စပ်လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် နည်းပညာလွှဲပြောင်း ရရှိမည်ဖြစ်သည့်အပြင် ၂၀၁၅ ခုနှစ် အာဆီယံဘဏ္ဍာရေးဆိုင်ရာ ပေါင်းစည်းရေးအတွက် ဘဏ်လုပ်ငန်းကဏ္ဍအား ပြင်ဆင်ထားနိုင်စေရန် ပံ့ပိုးပေးမည်ဖြစ်ကြောင်း။

လယ်ယာကုန်ထုတ်စွမ်းအား တိုးတက်စေရန်နှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှု တိုးတက်စေရန် လယ်ယာကဏ္ဍချေးငွေ ပိုမိုလိုအပ်မည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ငွေအရင်းအမြစ်များ ပိုမိုပံ့ပိုးသင့်ကြောင်း၊ လက်ရှိဆောင်ရွက်နေသော မြေယာပြုပြင်ပြောင်းလဲမှုသည် ထူးခြားသော အခွင့်အလမ်းကိုရရှိစေပြီး လယ်သမားများ၏ မြေယာပိုင်ဆိုင်ခွင့်အား ချေးငွေအာမခံအဖြစ် အသုံးပြုခွင့်ရရှိစေသင့်ကြောင်း။

မကြာသေးမီက ဓာတ်ဆီနှင့် စားအုန်းဆီတင်သွင်းမှုများတွင် ယှဉ်ပြိုင်မှုမြှင့်တင်ပေးသည့်ဆောင်ရွက်မှုများသည် တရားမဝင်ဈေးကွက်လုပ်ဆောင်မှုနှင့် ဈေးနှုန်းများကို အောင်မြင်စွာလျှော့ချနိုင်ခဲ့သဖြင့် အလားတူ စံနမူနာပြအောင်မြင်မှုများကို တိုးတက်ဖြစ်ပေါ်စေနိုင်ကြောင်း၊ စွမ်းအင်ကဏ္ဍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၏ အောင်မြင်မှုများကို အခြားစီးပွားရေးကဏ္ဍများတွင် ပွားများရရှိစေခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး၊ ပို့ကုန်အမည်သစ်များပေါ်ထွန်းရေးတို့အတွက် အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးရေးသည် အခြေခံစီးပွားရေးအဆောက်အအုံ အားနည်းချက်ပြဿနာများကို ဖြေရှင်းပေးမည်ဖြစ်ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းလုပ်ဆောင်မှုစရိတ် လျှော့ကျစေခြင်းဖြင့် ကြံ့ခိုင်ရှင်သန်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံဆွေးနွေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း ခေါင်းဆောင်သည့်အဖွဲ့နှင့် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E . Mr. Jonas Gahr Store ဦးဆောင်သည့်အဖွဲ့တို့ ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ် တကောင်းခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နော်ဝေးနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E . Mr. Jonas Gahr Store သည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ လာရောက် တွေ့ဆုံသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ခေါင်းဆောင်သည့်အဖွဲ့နှင့် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Jonas Gahr Store ဦးဆောင်သည့်အဖွဲ့တို့သည် တကောင်းခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေး အကြံပေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဦးမြင့်၊ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှူးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရိုန်၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံသံအမတ်ကြီး H.E.Ms.Katja Nordgaard နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် မြန်မာနိုင်ငံနှင့် နော်ဝေးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် ပြည်တွင်း ဂျာနယ်များမှ သတင်းထောက်များနှင့် တွေ့ဆုံသည်။

နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင်

နှစ်စဉ်စိုက်ပျိုး အလှတိုး

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်)

ကိုကိုရေ . . . ဖုန်းခေါ်နေတယ်

ကမ္ဘာတစ်ဝန်း ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းလ်ဖုန်းများ အသုံးပြုမှုသည်လည်း တစ်ဟုန်ထိုး တိုးတက်များပြားလာခဲ့သည်။ တစ်ချိန်ကချမ်းသာသူများသာ ကိုင်နိုင်သည့် ပစ္စည်းအဖြစ်မှ ယနေ့ခေတ်တွင်မူ လူသားတို့အတွက် မရှိမဖြစ်အသုံးပြုရသော ဆက်သွယ်ရေးပစ္စည်းတစ်ခုအဖြစ် ရောက်ရှိလာသည်။

တယ်လီဖုန်းနှင့် မိုဘိုင်းလ်ဖုန်းများ မပေါ်ပေါက်မီက လူတစ်ဦးနှင့်တစ်ဦး၊ တစ်နေရာမှတစ်နေရာ ဆက်သွယ်ပြောဆိုကြရာတွင် အခက်အခဲအဟန့်အတားများစွာ ရှိပေလိမ့်မည်။ ထိုအချိန်က အမေရိကန်နိုင်ငံသားကမ္ဘာကျော်တီထွင်ပညာရှင်ကြီးတစ်ဦးဖြစ်သည့် အလက်ဇန္ဒြား ဂရေဟမ်ဘဲလ် (Alexander Graham Bell) ၏ ကျေးဇူးကြောင့် ၁၉ရာစုနှောင်းပိုင်းတွင် တယ်လီဖုန်းစတင်အသုံးပြုလာနိုင်ခဲ့သည်။ ဆယ်လူလာဖုန်း၊ ဆဲလ်ဖုန်း၊ ဟမ်းဖုန်းဟု လူသိများသည့် မိုဘိုင်းလ်ဖုန်းကိုမူ ၁၉၇၃ခုနှစ်တွင် မိုတိုရိုလာကုမ္ပဏီမှ ဒေါက်တာမာတင်ကူးပါး (Dr.Martin Cooper) ဆိုသူက စတင်တီထွင်အသုံးပြုခဲ့ကြောင်း လေ့လာသိရှိရသည်။

မည်သို့ပင်ဖြစ်စေ ယနေ့ခေတ်တွင် မိုဘိုင်းလ်ဖုန်းတို့က လူသားများ၏ ဆက်သွယ်ရေးလုပ်ငန်းများအတွက် ဝန်ဆောင်မှုကို အကောင်းဆုံးပေးနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်များအတွင်းက မိုဘိုင်းလ်ဖုန်းတစ်လုံး၏တန်ဖိုးသည် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀အထိ ဈေးရှိခဲ့ဖူးသည်။ သို့သော်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖြစ် ပြောင်းလဲလာပြီး မကြာမီ မိုဘိုင်းလ်ဖုန်းတစ်လုံးတန်ဖိုးသည် ငွေကျပ် ငါးသိန်းမျှသာ ရှိတော့၏။ ထိုဖုန်းများကိုလည်း ယခင်ကလို လျှောက်လွှာများတင်စရာမလိုဘဲ One Stop Service ဖြင့် ချက်ချင်းဝယ်ယူသုံးစွဲနိုင်ခဲ့သည်။ မိုဘိုင်းလ်ဖုန်းများကို ဈေးနှုန်းချိုသာစွာဖြင့် ပြည်သူများသုံးစွဲခွင့်ရခြင်းသည်ပင် လက်ရှိနိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုတစ်ရပ်တွင် ပါဝင်၏။

ယခုတစ်ဖန် ငွေကျပ်ငါးသိန်းထက်တန်ဖိုးနည်းသော မိုဘိုင်းလ်ဖုန်းများကို လာမည့်မတ်လအတွင်း ဝယ်ယူအသုံးပြုနိုင်ရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ၁၁ခုနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တာဝါတိုင်စိုက်ထူခြင်းကဲ့သို့သော ဆက်သွယ်ရေး အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများ ပြင်ဆင်တည်ဆောက်လျက်ရှိပြီး မကြာမီကာလအတွင်း ဈေးနှုန်းသက်သာသော မိုဘိုင်းလ်ဖုန်းများ စတင်ရောင်းချနိုင်တော့မည် ဖြစ်သည်။

အဆိုပါ တန်ဖိုးနည်း မိုဘိုင်းလ်ဖုန်းများကို ငါးနှစ်အတွင်း လိုင်းပေါင်း သန်း ၃၀ သုံးစွဲနိုင်မည့်စီမံကိန်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်။ စီမံကိန်းပထမနှစ်အတွင်း လိုင်းပေါင်း လေးသန်း၊ ဒုတိယနှစ်အတွင်း ငါးသန်း၊ တတိယနှစ်အတွင်း ခြောက်သန်း၊ စတုတ္ထနှစ်တွင် ခုနစ်သန်း၊ နောက်ဆုံးနှစ်တွင် ရှစ်သန်း စုစုပေါင်း လိုင်းပေါင်း သန်း ၃၀ ချထားပေးရန် စီမံလျက်ရှိသည်။

ထို့ကြောင့် မိုဘိုင်းလ်ဖုန်းများကို ဆင်းရဲချမ်းသာမရွေး၊ ကျေးလက်မြို့ပြမရွေး၊ အသက်အရွယ်မရွေး သုံးစွဲနိုင်မည့်ခေတ်သို့ မကြာမီရောက်ရှိလာတော့မည်ဖြစ်သည်။ ဤသို့ မိုဘိုင်းလ်ဖုန်းများ ဖောဖောသီသီ သုံးစွဲလာနိုင်ခြင်းကြောင့် အသိမိတ်ဆွေတစ်ဦး၏ ဟမ်းဖုန်းထဲက ဖုန်းခေါ်ဆိုသံမျိုးတွေကိုလည်း အတော်များများကြားရလိမ့်ဦးမည်ဟု တွေးရင်းပြုံးမိပါသည်။ ထိုဖုန်းခေါ်ဆိုသံကတော့ "ကိုကိုရေ....ဖုန်းခေါ်နေတယ်"၊ "ကိုကိုရေ....ဖုန်းခေါ်နေတယ်" ဆိုသော အသံများပင် ဖြစ်ပါတော့သည်။ ။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးဆောင်ရွက်မှုအခြေအနေများရှင်းလင်း ဆီအုန်းစိုက်ပျိုးမှုလုပ်ငန်းများ စိုက်ကေတိုးချဲ့ရင်း ဒေသဆန့်ဖူလုံရေး ပေါင်းစပ်ဆောင်ရွက်ရန်မှာကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် မြိတ်မြို့မှ ကော့သောင်းမြို့သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကော့သောင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆို

ထိုမှတစ်ဆင့် ခမောက်ကြီးမြို့နယ်ခွဲရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ရောက်ရှိရာ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

မှာကြား

ယင်းနောက် ဒုတိယသမ္မတသည် စီမံကိန်းရှုရပ်မှ ဆီအုန်းပင်များအောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိမှုကိုကြည့်ရှုပြီး လုပ်ငန်းများ နိုင်နင်းလာသည်နှင့်အမျှ ဆက်လက်၍ စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း၌ ဆီအုန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးပေး

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် ဆီအုန်းပင်ကို ခရီးစဉ် အထိမ်းအမှတ်အဖြစ် စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များကလည်း ဆီအုန်းပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ Yuzana Minimarket သို့ ရောက်ရှိပြီး စားသောက်ကုန်များ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများအပါအဝင် ကုန်ပစ္စည်းများခင်းကျင်းရောင်းချပေးမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တစ်နာရီ တန်(၆၀) ကျ ယုဇနဆီအုန်း ဆီကြိတ်စက်ရုံသို့ ရောက်ရှိကြပြီး ဆီသီးများ ကြိတ်ခွဲလည်ပတ်မှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တစ်နာရီ တန် (၆၀)ကျ ယုဇနဆီအုန်း ဆီကြိတ်စက်ရုံ၌ လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆီသီးမှဆီကြိမ်းအထိ အဆင့်ဆင့်ထုတ်လုပ်ထားသော ကုန်ကြမ်းနမူနာများကိုလည်းကောင်း၊ စက်ရုံဘေးထွက်ပစ္စည်းများမှ ဩဂဲနစ်သဘာဝမြေဩဇာထုတ်လုပ်ထားမှုကို လည်းကောင်း ကြည့်ရှုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဆီအုန်းစိုက်ပျိုးမှုစီမံကိန်းကို ၁၉၉၉ ခုနှစ်မှ စတင်၍ လျာထားကေ ၂၅၀ ဖြင့် စတင်စိုက်ပျိုးခဲ့ရာ ယခု ၂၀၁၁ ခုနှစ်ကုန်အထိ စိုက်ပျိုးကေ စုစုပေါင်း ၁၆၆၃၉၀ ကေအထိ စိုက်ပျိုးပြီးစီးမှု၊ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း စိုက်ကေ ၃၀၀၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထားမှု၊ ၂၀၁၂ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင် ၁၂၀၀၀၀၀ ပျိုးထောင်ထားရှိမှု၊ ဝန်ထမ်းနှင့် အလုပ်သမားအင်အား၊ အလုပ်သမားများအတွက် အိမ်ရာတည်ဆောက်ပေးထားမှု၊ လုပ်သားမိသားစုများ၏ ကလေးများအတွက် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ထားရှိမှု၊ ကျန်းမာရေးအတွက် ဆေးရုံတစ်ရုံဖွင့်လှစ်ထားရှိမှု၊ စားအုန်းဆီ သန့်စင်စက်ရုံနှင့် တစ်နာရီတန် (၆၀)ကျ ဆီကြိမ်းစက်ရုံတို့ ထပ်မံတည်ဆောက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပိုကောင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအေးမောင်နှင့် ရွှေဆီအုန်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာကိုကိုထွေးတို့က ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပိုကောင်းကုမ္ပဏီလီမိတက်သည် ဘုတ်ပြင်းမြို့နယ်၌ လုပ်ကိုင်ခွင့်ရ ဆီအုန်းကေ ၂၇၅၅၀ အနက် ၂၀၁၀ ခုနှစ်အထိ ကေ ၁၂၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းကေငါးသိန်းစိုက်ပျိုးရန် လျာထားချက်ပေးထားခဲ့ရာ ယခုအခါ ကေ သုံးသိန်းကျော် စိုက်ပျိုးအောင်မြင်နေပြီ ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း စတင်ဆောင်ရွက်စဉ်က အခက်အခဲများတွေ့ကြုံခဲ့ရသော်လည်း ယခုအခါ လုပ်ငန်းများ နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်ပြီး ထိုက်သင့်သည့် အကျိုးအမြတ် ပြန်လည်ရရှိနေကြပြီ ဖြစ်ကြောင်း၊ သို့ဖြစ်၍ မူလလျာထားချက် ကေငါးသိန်းပြည့်မီအောင် တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်း၊ ဆီကြမ်းအဆင့်မှ စားသုံးဆီသန့်အဆင့် ရောက်ရှိထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းရှင်များအားလုံး ညီညီညွတ်ညွတ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

စီစဉ်ပေးထား

ယုဇနကုမ္ပဏီလီမိတက် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် ဝန်ထမ်းလုပ်သားအင်အား စုစုပေါင်း ၁၂၀၄၀ ဦး ရှိပြီး ဝန်ထမ်းများအတွက် အခမဲ့ရေပေးစနစ်၊ အခမဲ့ မီးပေးစနစ်၊ အခမဲ့ ဆေးဝါးကုသပေးမှုနှင့် သွားလာရေးစီစဉ်ပေးမှုများအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများကို စီစဉ်ပေးထားကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ကော့သောင်းမြို့ မဉ္ဇူသကခန်းမသို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ကော့သောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစီက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ရပ်မိရပ်ဖများဖြစ်ကြသော ဦးထွန်းမြင့်၊ ဦးဝင်းချိုဦး၊ ဦးစိန်ဝင်းနှင့် ဦးမြင့်နိုင်တို့က ဒေသ၏ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတက ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံများ၏တင်ပြချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒေသအစီရင်ခံစာတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ကော့သောင်းမြို့သည် နယ်စပ်ဒေသမြို့ဖြစ်ရာ တစ်ဖက်နိုင်ငံနှင့်ဆက်စပ်၍ ဆောင်ရွက်ရသည့်ကိစ္စများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများကိုလည်း အားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ခြင်း၊ ပညာပေးလုပ်ငန်းများ ထိရောက်အောင်ဆောင်ရွက်ခြင်းများကို အလေးထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ဒေသတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဆီအုန်းစိုက်ပျိုးရေးကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရင်း ဒေသဆန် ဖူလုံရေးအတွက်ကိုလည်း တစ်ဖက်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်၏လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဒေသအခြေအနေများကို မေးမြန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ကော့သောင်းမြို့မှ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အထိမ်းအမှတ် အဖြစ် စိုက်ပျိုးပေး

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ယုဇန ကုမ္ပဏီလီမိတက်၏ ဆီအုန်း စိုက်ပျိုးရေး စီမံကိန်း၌ ဆီအုန်းပင်ကို ခရီးစဉ် အထိမ်းအမှတ်အဖြစ် စိုက်ပျိုးပေးစဉ်။

(သတင်း-၃)

(သတင်းစဉ်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ❒ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ❒ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ❒ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ❒ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

● *ကျောဖုံးမှ*

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အခမ်းအနားမှာ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်အောင်မြင်မြင် ကျင်းပရေးအတွက် ခေါ်ယူသည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ပြီးခဲ့သည့် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် လိုအပ်သည့် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုနေ့နှင့် လွတ်လပ်ရေးနေ့ အခမ်းအနားများ ကျင်းပရာတွင် ကွာဟမှု အနည်းငယ်ရှိ၍ အခက်အခဲမရှိဟု ယူဆပါကြောင်း၊ လွတ်လပ်ရေးနေ့ အခမ်းအနားတွင် နေပြည်တော်ဒေသအတွင်း နေထိုင်ကြသည့် ပြည်သူများသာ တက်ရောက်ကြပြီး ယခုကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားတွင်မူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း။

သို့အတွက် ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ အခမ်းအနားသို့ တက်ရောက်မည့်ကိုယ်စားလှယ်များအား စနစ်တကျ နေရာချထားပေးရေး၊ လုံခြုံရေးဆပ်ကော်မတီမှ ကိုယ်စားလှယ်များအတွက် ဆောင်ရွက်ရန်ကိစ္စများကို ကြိုတင်ညှိနှိုင်း ဆောင်ရွက်ကြရန်လိုကြောင်း။

ပြီးခဲ့သည့် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးမှ ပေးပို့သည့် သဝဏ်လွှာ၊ ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်၊ ပို့စကတ်နှင့် မြေစိုက်ပိုစတာများကို အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ရန်ပုံငွေများ ကြိုတင်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် ဆပ်ကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီများမှ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အခမ်းအနားကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များနှင့် သဝဏ်လွှာအတည်ပြုချက်ရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေပေးခြင်း၊ အခမ်းအနားများသို့တက်ရောက်မည့် ကိုယ်စားလှယ်များ ဖိတ်ကြားခြင်း၊ ညစာစားပွဲတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ဖျော်ဖြေတင်ဆက်ခြင်း၊ ကိုယ်စားလှယ်များ၏ သွားလာနေထိုင် စားသောက်ရေးကိစ္စများကို စီစဉ်ဆောင်ရွက်ထားမှု၊ မြေစိုက်ပိုစတာစိုက်ထူခြင်း၊ ပို့စကတ်ထုတ်ဝေခြင်း၊ ယာဉ်ဝင်ထွက်ခွင့်ကတ်များ ပြုလုပ်ခြင်းကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အခမ်းအနားသို့ သတင်းထောက်များ တက်ရောက်ခြင်းနှင့် ညစာစားပွဲ၌ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ဖျော်ဖြေတင်ဆက်မှုကိစ္စများကို လည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အခမ်းအနားပြင်ဆင်ခြင်းနှင့် အစမ်းလေ့ကျင့်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြမည့် ကိုယ်စားလှယ်များအား နေရာချထားပေးမှု၊ နိုင်ငံတော်သမ္မတအား ကိုယ်စားလှယ်များက ကြိုဆိုနှုတ်ဆက်ခြင်းကိစ္စများကို လည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုနှစ်ကျင်းပမည့် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသည် ယခင်နှစ်များက ကျင်းပခဲ့သည့်အစီအစဉ်နှင့် အနည်းငယ်သာ ပြောင်းလဲသည့်အတွက် အခက်အခဲမရှိဘဲ အဆင်ပြေစွာ ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ ဧည့်ခံကျွေးမွေးရေး၊ ဖျော်ဖြေရေး ဆပ်ကော်မတီများက ပြည်ထောင်စုနေ့နှင့် လျော်ညီစွာ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားအတွက် အစမ်းလေ့ကျင့်မှု၊ ဝတ်စုံပြည့်လေ့ကျင့်မှုများကို သတ်မှတ်ရက်များအတိုင်း စနစ်တကျပြုလုပ်ရန်နှင့် ယခင်နှစ်များအတိုင်း နိုင်ငံတော်သမ္မတအား တက်ရောက်မည့် ကိုယ်စားလှယ်များက ကြိုဆိုနှုတ်ဆက်မည့်အစီအစဉ်ကိုလည်း စီစဉ်ဆောင်ရွက်ရန်လိုကြောင်း။

ဆပ်ကော်မတီအားလုံးနှင့် စီမံခန့်ခွဲမှုကော်မတီများအနေဖြင့် မိမိတို့ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြပြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် Zaykabar Myanmar Open 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာ့ဂေါက်သီးအားကစားသမားများ အောင်နိုင်ရေးအတွက် လက်ရည်စစ်အကြိုပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဇော်ဇော်လတ်က ၂၁၄ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဦးဆောင်ကစားလျက်ရှိသည့် ၎င်းနောက်မှ နေဗလဝင်းမြင့်က ၂၁၆ ချက်၊ မင်းနိုင်က ၂၁၆ ချက်၊ အောင်ဝင်းက ၂၁၉ ချက်၊ စိုးမိုးဝင်းက ၂၁၉ ချက်၊ သိန်းဇော်မြင့်က ၂၂၀ ချက်၊ မျိုးဝင်းအောင်က ၂၂၀ ချက်၊ စိုးကျော်နိုင်က ၂၂၂ ချက်၊ နိုင်ရဲလင်းက ၂၂၃ ချက်၊ ဘိုဘိုက ၂၂၄ ချက်၊ လှမျိုးက ၂၂၄ ချက်၊ နိုင်နိုင်လင်းက ၂၂၅ ချက်၊ မြင့်ရွှေက ၂၂၆ ချက်၊ ဇော်ဇင်ဝင်းက ၂၂၈ ချက်၊ ရန်မျိုးအေးက ၂၂၉ ချက်၊ ယဉ်အောင်လတ်က ၂၃၀ ချက်၊ မောင်မောင်ဦးက ၂၃၁ ချက်၊ ရဲထက်အောင်က ၂၃၄ ချက်၊ အောင်ဆန်းဝင်းက ၂၃၅ ချက်နှင့် ရန်နိုင်ဖြိုးက ၂၃၉ ချက်တို့ အသီးသီးရရှိထားကြသည်။

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် ပထမရရှိသော ဂေါက်သီးအားကစားသမားအား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ချီးမြှင့်သော ငွေကျပ်သိန်း ၂၀ ရရှိမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲသို့ စိတ်ဝင်စားသူ မည်သူမဆို ပြိုင်ပွဲရက်များအတွင်း အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၁ ရက်က အလက(၃) တောင်ဥက္ကလာပမြို့နယ်၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအတွက် အလှူငွေကို ကျောင်းသားဟောင်း ဇေလုဝ (ရုပ်ရှင်သရုပ်ဆောင်)က အာစရိယပူဇော်ပွဲ ကျင်းပရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

မီး အစဉ်သတိပြု။

ကျိုက်မရောမြို့နယ် မြို့နယ်သမဝါယမအသင်းစုရုံး၌ ချေးငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ နဂါးနီငွေစုငွေချေးအသင်းမှ ချေးငွေ ကျပ်သိန်း ၇၀နှင့် ရွှေနဒီ ငါးကုန်ထုတ်အသင်းမှ ချေးငွေ ကျပ် ၁၀ သိန်းတို့ကို မြို့နယ်ဒုတိယဦးစီးမှူး ဦးနေခြည်ဖြိုးက မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးစိန်ဝင်းထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် မကြာမီကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက ဂေါပကရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကားပြောကြားပြီးနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ပွဲတော်ကျင်းပရေး ဆပ်ကော်မတီဝင်များက မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို တင်ပြဆွေးနွေးကြသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်ကာလတွင် ခြင်းအလှခတ်ပြသခြင်း၊ တေးဂီတဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲများ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်ပိုင်းစွန်းဒေသများ၌ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည်

ရထားလမ်းစီမံကိန်းများမှာ ကုန်ကျစရိတ်များပြားသည့်အတွက် ဦးစားပေးအဆင့်များ ခွဲခြားသတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၆

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၇၉)ဦးတို့ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈ (ခ)အရ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့်၊ ဗိုလ်မှူးဇင်မျိုးလတ်နှင့် ဗိုလ်မှူးရန်နိုင်ထူးတို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ကျင်းပချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော်လည်း ပြည်ထောင်စုလွှတ်တော် ကျင်းပချိန်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြပါကြောင်း၊ ယနေ့လွှတ်တော်အစည်းအဝေးကို ခေါ်ယူရသည့်အဓိကအကြောင်းမှာ ပြီးခဲ့သည့် ဒုတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုရန်ကျန်သေးသောဥပဒေများ အတည်ပြုနိုင်ရေး၊ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းမည့် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(ကြမ်း)၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာနှင့် အမျိုးသားစီမံကိန်းဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် စိစစ်သုံးသပ်ပြီးအတည်ပြုရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြလာသော အဆိုများ၊ မေးခွန်းများနှင့် ဥပဒေကြမ်းများကို ရရှိသည့်အချိန်ပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကြိုးစားလုပ်ဆောင်

ပြည်ထောင်စုအစိုးရအနေဖြင့် စုဆောင်းထားသော ပြည်သူ့ဘဏ္ဍာငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးနှင့် လူမှုဖွံ့ဖြိုးရေးကဏ္ဍများတွင် စနစ်တကျ အသုံးပြုနိုင်ရန်အတွက် ရေးဆွဲတင်ပြလာမှုအပေါ် မိမိတို့ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကလည်း အကောင်းထဲမှ အကောင်းဆုံးဖြစ်ရန်နှင့် ပြည်သူ့ကိုယ်စား ပြည်သူများ၏ ဘဏ္ဍာကို မည်သို့၊ မည်ပုံ၊ မည်မျှ၊ မည်ကဲ့သို့ ခွဲဝေအသုံးချသလဲ၊ ယင်းသို့အသုံးချမှုများသည် ပြည်သူလူထုအတွက် အကျိုးဘယ်လောက်ဖြစ်ထွန်းနိုင်မလဲနှင့် ဖြစ်ထွန်းမှုများ ဖြစ်လာနိုင်သည်ကို စိစစ်ပြီး ထောက်ခံရမည့်အချက်များကို ထောက်ခံ၊ အကြံပြုရမည့်ကိစ္စများကို အကြံပြု၊ ပြောင်းလဲသုံးစွဲသင့်သည်များကို ပြောင်းလဲအသုံးပြုရန်အတွက် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

ရည်ရွယ်ချက်၊ ဖြစ်တန်စွမ်း အမှန်တကယ် အကောင်အထည်ဖော်နိုင်မှုတို့ကို လွှတ်တော်နှင့် တစ်နည်းအားဖြင့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့တို့၏ဆက်ဆံမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော Check & Balance သဘောတရားကို မကျော်လွန်စေဘဲ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်မှုအဖွဲ့နှင့်လည်း ဆက်ဆံဆောင်ရွက်ရေး ကောင်းမွန်အောင် တည်ဆောက်ထားရန်လည်း လိုမည်ဖြစ်ပါကြောင်း။

သို့မှသာ ပြည်ထောင်စုအကျိုး၊ ပြည်သူ့အကျိုးကို ဖော်ဆောင်ရာတွင် တာဝန်နှင့် လုပ်နည်းမတူသော်လည်း ရည်ရွယ်ချက်၊ ရည်မှန်းချက်များ တူညီသည့်အတွက် မိမိတို့၏ ပန်းတိုင်ဖြစ်သော **ဒီမိုကရေစီစနစ်ဖြင့် ပြည်ထောင်စုကြီး တည်ဆောက်မည်** ဆိုသည့် ပန်းတိုင်အား ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာ ထမ်းဆောင်ရင်း အတူတကွချီတက် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းကို တင်ပြလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသော လွှတ်တော်များ၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် ကိုယ်စားလှယ်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို ဝမ်းမြောက်စွာတွေ့ရပါကြောင်း၊ သို့သော်လည်း ယခုထက် ပိုမိုကြိုးပမ်း အားထုတ်သွားပြီး အမိနိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် ဖိတ်ခေါ်တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံပေးပို့သည့် သဝဏ်လွှာကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားပြီး လွှတ်တော်က မှတ်တမ်းတင်ထားရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ထိုသို့ ဆွေးနွေးညှိနှိုင်းကြသည့်အခါတွင် အမှန်ဖြစ်တန်စွမ်းများကို တွက်ဆပြီး ဆွေးနွေးကြရမည်ဖြစ်သကဲ့သို့ လာမည့်နှစ်များနှင့် ချိတ်ဆက်နေမည့် လုပ်ငန်းများနှင့်လည်း ချိတ်ဆက်ပြီး တစ်နှစ်ချင်းအတွက် (Short Term) စဉ်းစားသကဲ့သို့ နှစ်အလိုက် (Intermediate Term)အတွက်လည်း ချိတ်ဆက်စဉ်းစားရန်လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ဘဏ္ဍာခွဲဝေသုံးစွဲမှုအပေါ် ဆွေးနွေးရာတွင် ပညာရှင်များမဟုတ်ကြသကဲ့သို့ စီးပွားရေးကျွမ်းကျင်သူများမဟုတ်ကြသော်လည်း မိမိတို့တွင်ရှိသည့် Political Will, Logical Thinking တို့နှင့် မိမိတို့ကိုယ်စားပြုသော ပြည်သူများအတွက် ဖြစ်သင့်သည့် အကျိုးရှိစေမည့်အချက်များကို သုံးသပ်ပြီးမှ ဆွေးနွေးကြမည်ဖြစ်၍ ပြည်သူ့ဆန္ဒများနှင့် လိုအင်များကို ဥပဒေပြုရေးနည်းလမ်းများမှတစ်ဆင့် အကောင်အထည်ဖော်ပေးရာလည်း ရောက်မည်ဖြစ်ပါကြောင်း။

အမျိုးသားစီမံကိန်းများကို စိစစ်လေ့လာရာတွင် တချို့သောစီမံကိန်းများသည် နှစ်ချင်း၊ တစ်နှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ နှစ်တို၊ နှစ်လတ်၊ (၂)နှစ်၊ (၃)နှစ်စသည်ဖြင့် ချိတ်ဆက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ အမျိုးသားစီမံကိန်းများကို လေ့လာရာတွင် သက်ဆိုင်ရာဘဏ္ဍာငွေအရအသုံးအပေါ်လိုက်ပြီး မိမိတို့လွှတ်တော်ကော်မတီများ၏ အားထုတ်မှုသည် အရေးကြီးလာပါကြောင်း။

လွှတ်တော်ကော်မတီများကလည်း မိမိတို့နှင့် သက်ဆိုင်မည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး လိုအပ်မည့်အကြောင်းအရာ လုပ်ရပ်၊ လုပ်နည်းများနှင့် ရည်မှန်းချက်၊

ယနေ့အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ အစားထိုးတာဝန်ပေးအပ်ခြင်း၊ မေးခွန်း(၁၂)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော် ကော်မတီ(၃)ခု၏ အစီရင်ခံစာများ တင်ပြခြင်း၊ အဆိုအသစ်(၅)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆောင်ရွက်ချက်များတင်ပြခြင်းကဏ္ဍ၌ ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်သည်။

ယနေ့တင်ပြမှတ်တမ်းတင်သည့် ဆောင်ရွက်ချက်များမှာ ၉-၁၂-၂၀၁၁ ရက်တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်(ရန်ကုန်ရုံးခွဲ)၌ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများအား တွေ့ဆုံပြောကြားချက်၊ အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Mohammad Hamid Ansari နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ Kumar, Smt Meira တို့၏ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၁၁-၁၂-၂၀၁၁ ရက်မှ ၁၇-၁၂-၂၀၁၁ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၊ (၆၄) နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဥက္ကဋ္ဌမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခြင်းတို့ဖြစ်သည်။

အစားထိုးတာဝန်ပေးအပ်ခြင်းကဏ္ဍ၌ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူးအဖြစ် မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အားလည်းကောင်း၊ အဖွဲ့ဝင်အဖြစ် သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးအားလည်းကောင်း၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ညွှန်ကြားရေးမှူး(ငြိမ်း) ဦးသင်းမောင်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မြန်မာနိုင်ငံစာရင်းကောင်စီမှ ကထိက ဒေါက်တာတင်လတ်တို့အားလည်းကောင်း ပြောင်းလဲဖြည့်စွက် အစားထိုးတာဝန်ပေးအပ်သည်။

မွေးထုတ်ပေး

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် တင်းပြည့်အဖွဲ့ဝင် ဖြစ်လာမည့်အခါ အရည်အချင်းပြည့်ဝ၍ ကျွမ်းကျင်သော စာရင်းကိုင်စာရင်းစစ်ပညာရှင်များ အရေအတွက်အားဖြင့် များစွာလိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်အရ မြန်မာနိုင်ငံစာရင်းကောင်စီက ပြုစုပျိုးထောင်လေ့ကျင့်ပေးသော စာရင်းကိုင်/ စာရင်းစစ်များအား အချိန်မီပိုမိုတိုးချဲ့လေ့ကျင့်ပေးရန် မည်သို့စီစဉ်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ တိုးပွားလာစေရန်ဆိုသည့် စာရင်းကောင်စီ၏ ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံစာရင်းကောင်စီသည် အရည်အချင်းပြည့်ဝသော စာရင်းပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပါကြောင်း။

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများ၊ ဒီပလိုမာစာရင်းကိုင်သင်တန်းများ၊ အခြေခံစာရင်းကိုင်သင်တန်းများ၊ အဆင့်မြင့်စာရင်းကိုင်ပညာသင်တန်း၊ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများနှင့် ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက် ရှိပါကြောင်း။

နေပြည်တော်ရှိ အစိုးရဝန်ထမ်းများအတွက် ၂၀၀၉ ခုနှစ် မတ်လ(၃)ရက်မှစ၍ ဒီပလိုမာ စာရင်းကိုင်သင်တန်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်၌ ဖွင့်လှစ်ပို့ချလျက်ရှိရာ စာသင်ခန်းအခက်အခဲအရ ၂၀၀၉-၂၀၁၀၊ ၂၀၁၀-၂၀၁၁၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်များတွင် လျှောက်ထားသလောက်လက်မခံနိုင်ခဲ့ဘဲ တစ်နှစ်လျှင်(၂၂၄)ဦးသာ သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

သို့ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းအပြင် နေပြည်တော်သင်တန်း ကျောင်းအသစ်ဆောက်လုပ်၍ ၁-၂-၂၀၁၂ ရက်တွင် စတင်ဖွင့်လှစ်မည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်းကို (၃၆၀) လက်ခံသင်ကြားပေးမည် ဖြစ်ပါကြောင်း၊ ယခုအချိန်အထိ လက်မှတ်ရပြည်သူ့စာရင်းကိုင်(၁၉၇၁)ဦးနှင့် ဒီပလိုမာစာရင်းကိုင်(၃၈၈၈) ဦးကို မွေးထုတ်ပေးခဲ့ပါကြောင်း။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ခဲ့သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း အမှတ်စဉ်(၃၇)မှစ၍ စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဗေဒဘွဲ့နှင့် စာရင်းကိုင်ပညာဘွဲ့ရများအပြင် ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်းသင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများကိုလည်း တက်ရောက်ခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ လက်မှတ်ရပြည်သူ့စာရင်းကိုင် ပထမပိုင်းသင်တန်းနှင့် ဒီပလိုမာစာရင်းကိုင် ပထမပိုင်းသင်တန်းများတွင် နိုင်ငံတကာနှင့်အညီ ပြုပြင်မွမ်းမံထားသည့် သင်ရိုးညွှန်းတမ်းအသစ်ဖြင့် သင်ကြားပို့ချမည်ဖြစ်ပါကြောင်း။

၁-၃-၂၀၁၂ ရက်တွင် ဖွင့်လှစ်တော့မည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် ပထမပိုင်းသင်တန်း အမှတ်စဉ်(၃၈)မှစ၍ အချိန်တို နှစ်နှစ်အတွင်း စာသင်ကြားခြင်းနှင့် လက်တွေ့အလုပ်သင်ဆင်းခြင်းကို တစ်ပြိုင်တည်းဆောင်ရွက်ခြင်း သို့မဟုတ် ပထမပိုင်း၊ ဒုတိယပိုင်း အောင်မြင်ပြီးမှသာ လက်တွေ့အလုပ်သင်ဆင်းခြင်း နည်းလမ်းနှစ်ခုအနက် ကြိုက်ရာရွေးချယ်ခွင့်ပေးထားပါကြောင်း။

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းသားများ လက်တွေ့အလုပ်သင်ဆင်းခြင်းအား အမှတ်စဉ်(၁)မှ(၁၆)အထိ အစိုးရဌာနများသို့လည်းကောင်း၊ အမှတ်စဉ်(၁၇)မှ(၂၁)အထိ အစိုးရဌာနများနှင့် ပုဂ္ဂလိက Audit Firm

စာမျက်နှာ ၆ ကော်လံ ၁ သို့

စာမျက်နှာ ၅ မှ

ကြိုက်ရာရွေးချယ်စေ၍လည်းကောင်း၊ အမှတ်စဉ်(၂၂)မှစ၍ ပုဂ္ဂလိက Audit Firm များသို့သာစေလွှတ်ခဲ့ရာမှ ယခုအခါအစိုးရဌာနများတွင် ရှားပါးလာသော စာရင်းပညာရှင်မျိုးဆက်များ ဖြည့်ဆည်းနိုင်ရန်အတွက် အစိုးရဌာနအဖွဲ့အစည်းများသို့ အမှတ်စဉ်(၃၉)မှစ၍ စေလွှတ်နိုင်မည်ဖြစ်ပါကြောင်း။

ပညာရပ်ပိုင်းဆိုင်ရာ Continuing Professional Education(CPE)ကို မရှိမဖြစ် လိုအပ်လာ၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင် အသင်းကြီးက ဦးဆောင်၍ ၂၀၀၈ ခုနှစ် ဩဂုတ်မှစတင်၍ ဟောပြောပွဲများ လစဉ်ကျင်းပလျက်ရှိပြီး သတ်မှတ်ထားသည့် CPE hour များပြည့်မီမှသာ လုပ်ငန်းလိုင်စင်များ ထုတ်ပေးမည်ဖြစ်ပါကြောင်း။

၎င်းအပြင် ယခင်ကမရှိခဲ့သည့် အသေးစားနှင့် အလယ်အလတ်စားလုပ်ငန်းများအတွက် မြန်မာနိုင်ငံစာရင်းကိုင်စံနှင့် မြန်မာနိုင်ငံစာရင်းစစ်စံများကို အသစ်သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ပြီး အများပိုင်ကုမ္ပဏီများအတွက် မြန်မာနိုင်ငံစာရင်းကိုင်စံများကိုလည်း ခေတ်နှင့်အညီ ပြုပြင်မွမ်းမံပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ နိုင်ငံပိုင်ကဏ္ဍစာရင်းကိုင်စံ ပြဋ္ဌာန်းနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကြိုးပမ်းလုပ်ဆောင်

အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့အဆင့်အတန်းနှင့်အညီ စာရင်းပညာရှင်များကို အရေအတွက်တိုးတက်စေရန်နှင့်အရည်အချင်းများ ပြည့်ဝလာစေရန် စာရင်းကောင်စီသည် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြုပြင်ပြောင်းလဲ၍ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၅)ဦး၏ ရထားပို့ဆောင်ရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော မြို့ပတ်ရထားလမ်းကြောင်းအား အခြေခံလူတန်းစားများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရှေးယခင်က ဖောက်လုပ်ရန် စီမံချက်ရှိခဲ့သော ဒဂုံတက္ကသိုလ်မှ တစ်ဆင့် မြောက်ဒဂုံမြို့နယ်ကိုဖြတ်သန်းပြီး ပုလဲ-ရွှေပေါက်ကံ-ထောက်ကြန့်-လှော်ကားစသည်ဖြင့် တိုးချဲ့ဖောက်လုပ်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားလမ်းစီမံကိန်းများမှာ ကုန်ကျစရိတ်များပြားသည့်အတွက် ဦးစားပေးအဆင့်များ ခွဲခြားသတ်မှတ်ပြီး ထိုဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒဂုံတက္ကသိုလ်- ပုလဲ-ထောက်ကြန့်-မိုးကြိုးပစ် ရထားလမ်းမှာ လာမည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့် လျာထားချက်တွင် ပါဝင်ခြင်းမရှိပါကြောင်း၊ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်ပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရန် နိုင်ငံခြားပညာရှင်များအကူအညီဖြင့် City Development Plan ရေးဆွဲလျက်ရှိပါကြောင်း၊ သီလဝါနှင့်ရန်ကုန်မြစ်ဝဒေသတွင်လည်း စီးပွားရေးဇုန်တစ်ခု တည်ဆောက်ရန် နိုင်ငံခြားအရင်းအနှီးများ ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ ဖော်ပြပါ

ပြန်လည်ဖြေကြား

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

စီမံကိန်းများတွင် မြေပေါ်မြေအောက် ရထားလမ်းအစီအစဉ်များပါ ထည့်သွင်းရေးဆွဲလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး၏ **တောင်ပေါ်-မြေပြန့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက်လည်းကောင်း၊ ဒေသထွက်ကုန်များ အချိန်မီရောင်းဝယ်နိုင်ခြင်းဖြင့် ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေရေးအတွက် လည်းကောင်း သာစည်-တောင်ပေါ်မီးရထားလမ်းပိုင်းအတွက် မီးရထား(၁)စင်း ထပ်မံပြေးဆွဲပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သာစည်-ရွှေညောင်လမ်းပိုင်းတွင် ဆင်ခြေလျှောကန့်သတ်ချက်နှင့် စက်ခေါင်းဆွဲအားအရ သာစည်မှ လယ်ပြင်အထိ လူစီး (၅)တွဲ၊ တပ်ရိက္ခာ (၁)တွဲ (သို့မဟုတ်) ဆီလုံး(၁)တွဲ၊ ဘရိတ်(၁)တွဲသာ ချိတ်ဆက်နိုင်ပါကြောင်း၊ ထို့ကြောင့် သာစည်မှ လူစီး တွဲ(၅)တွဲဖြင့်ထွက်ခွာပြီး လယ်ပြင်ရောက်သည့်အခါ လူစီးတွဲ(၂)တွဲဖြုတ်ကာ ကျန်(၃)တွဲဖြင့်သာ ရွှေညောင်သို့ထွက်ခွာပါကြောင်း၊ ထိုသို့ သာစည်နှင့်လယ်ပြင်ကြားတွင် အပိုလူစီး(၂)တွဲ ချိတ်ဆက်ပေးနိုင်သဖြင့် လယ်ပြင်ဒေသတစ်ဝိုက် ရွှေတွင်းများသို့သွားရောက်သည့် ခရီးသည်များ အဆင်ပြေသွားခဲ့ပါကြောင်း။

အမှတ်(၁၄၃)အဆန်တွင် လက်ရှိ သာစည်ဘူတာမှ စီးနင်းသည့်ခရီးသည် တစ်ရက်ပျမ်းမျှ (၁၅၀)ခန့် အနက်တွင် လယ်ပြင်/လွန်းထိုး(ရွှေတွင်းဒေသ)သို့ သွားရောက်သည့် ခရီးသည်မှာ တစ်ရက်ပျမ်းမျှ (၁၀၀) ရှိပါကြောင်း၊ ထို့ကြောင့် လက်ရှိလူစီးတွဲအရေအတွက်ဖြင့် လုံလောက်သည်ကို တွေ့ရှိရပါကြောင်း။

ဖြေရှင်းဆောင်ရွက်

တောင်ပေါ်ဒေသသို့ သာစည်ဒေသထွက်ကုန်တင်ပို့မှု နည်းပါးကြောင်းနှင့် ရန်ကုန်၊ မန္တလေး၊ မြင်းခြံဒေသများမှ သာစည်သို့ရောက်ရှိပြီး တောင်ပေါ်သို့ထပ်ဆင့်တင်ပို့သော ပစ္စည်းများသာ များပြားပါကြောင်း၊ ထိုကုန်စုစုပေါင်း လက်ရှိတင်ပို့မှုမှာ တစ်ရက်ပျမ်းမျှ (၁၅ ဒသမ ၅၄)တန်ခန့်သာရှိသဖြင့် အမှတ်(၁၄၃)အဆန် လူစီးရထားမှ ဘရိတ်တွဲဖြင့် လုံလောက်စွာ တင်ပို့နိုင်ပါကြောင်း၊ အကယ်၍ သာစည်ဘူတာ၌ တောင်ပေါ်ဒေသသို့ တင်ပို့မည့်ကုန်များ စုပုံလာပါက နောက်ထပ်(၃၂)တန် တင်နိုင်သော ပါဆယ်တွဲစီစဉ်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါကြောင်း။

လက်ရှိခရီးသည်စီးနင်းမှုနှင့် ကုန်စည်တင်ပို့မှု အခြေအနေအရ အမှတ်(၁၄၃) အဆန်ရထားတစ်စင်းဖြင့် လုံလောက်မှုရှိပါ၍ နောက်ထပ်လူစီးရထားတစ်စင်း ထပ်မံပြေးဆွဲရန်မလိုအပ်သေးပါကြောင်း၊ ကုန်စည်စီးဆင်းမှုကို အမြဲမပြတ်စောင့်ကြည့်လျက်ရှိပြီး လိုအပ်ပါက ထပ်မံဖြည့်စွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **ပျော်ဘွယ်မြို့နယ် ပြည်သူများ လမ်းကိုဖြတ်၍ အချိန်မရွေးသွားလာနိုင်ရေးအတွက် Underpass(၂)ခု တည်ဆောက်ပေးမည်ဟု သိရကြောင်း၊ သို့ပါ၍ မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပျော်ဘွယ်မြို့၏ မြို့ပြဖွံ့ဖြိုးလာမှုအရ မြို့လယ်ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာတွင် လမ်းပိတ်ဆို့မှုဖြစ်လျက်ရှိသဖြင့် Underpass(၂)ခု တည်ဆောက်ပေးရန် အဆိုပြုလာသည့် နေရာ(၂)ခုကို မြန်မာ့မီးရထားမှ အင်ဂျင်နီယာများ စစ်ဆေးကြည့်ရှုရာ မြေအနေအထားအရ ဖြစ်နိုင်ခြေရှိသော ပျော်ဘွယ်မြို့၊ အ. ထ. က(၁)အနီး မိုင်တိုင် (၂၈၇/ ၁၈၉)နေရာတွင် Underpass(၁)ခု တည်ဆောက်ရန် ဒီဇိုင်းရေးဆွဲပြီးဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် မတ်လဆန်းတွင် စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း၏ **ကသာဘူတာနှင့် နဘားဘူတာတို့တွင် အမှတ်(၅၆) အစုန်နှင့် အမှတ်(၄၂)အစုန် ရထားများတွင် အထက်တန်း၊ ရိုးရိုးတန်းထိုင်ခုံနေရာများအား ယခုလက်ရှိအခြေအနေထက် ပိုမိုတိုးမြှင့်ပေးနိုင်မှုအခြေအနေ ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမှတ်(၅၆)အစုန်ရထားတွင် အထက်တန်း (၂)တွဲ၊ ပထမတန်း(၁)တွဲ၊ ရိုးရိုးတန်း(၈)တွဲ ချိတ်ဆက်သဖြင့် အထက်တန်းထိုင်ခုံနေရာ (၈၀)၊ ပထမတန်းထိုင်ခုံ(၆၂)နေရာနှင့် ရိုးရိုးတန်းထိုင်ခုံ(၄၉၆)နေရာ ပါရှိပါကြောင်း၊ ၎င်းထိုင်ခုံနေရာများကို ပြည်နယ်အဆင့် မြစ်ကြီးနားဘူတာ၊ ခရိုင်အဆင့်(၃)ဘူတာ၊ မြို့နယ်အဆင့် (၈)ဘူတာ၊ မြို့/ကျေးရွာအဆင့် (၁၁)ဘူတာ စုစုပေါင်း(၂၃)ဘူတာကို ခွဲဝေပေးရပါကြောင်း။

အမှတ်(၄၂)အစုန် ရထားတွင် အထက်တန်း(၂)တွဲ၊ ပထမတန်း(၁)တွဲ၊ စာတိုက်တွဲ(၁)တွဲ၊ ရိုးရိုးတန်း(၄)တွဲ ချိတ်ဆက်သဖြင့် အထက်တန်းထိုင်ခုံနေရာ(၈၀)၊ ပထမတန်းထိုင်ခုံ(၆၂)နေရာနှင့် ရိုးရိုးတန်းထိုင်ခုံ(၂၄၈)နေရာပါရှိပါကြောင်း၊ ၎င်းထိုင်ခုံနေရာများကို ပြည်နယ်အဆင့် မြစ်ကြီးနားဘူတာ၊ ခရိုင်အဆင့်(၃)ဘူတာ၊ မြို့နယ်အဆင့်(၈)ဘူတာ၊ မြို့/ကျေးရွာအဆင့်(၃၂)ဘူတာ စုစုပေါင်း(၄၄)ဘူတာကို ခွဲဝေပေးရပါကြောင်း။

ထိုသို့ ရထားအလိုက်ပါရှိသောထိုင်ခုံများကို ရပ်တန့်သည့်ဘူတာအများအပြားသို့ ခွဲဝေပေးရာတွင် စီးနင်းသည့်ခရီးသည်အရေအတွက်၊ ခရီးသွားသည့်အကွာအဝေး စသည်များကို တွက်ချက်၍ ခွဲဝေပေးရပါကြောင်း။

တိုးမြှင့်သတ်မှတ်

ယခု ကသာနှင့် နဘားဘူတာများသို့ လက်မှတ်ခွဲတမ်းတိုးမြှင့်ပေးရန် တောင်းခံချက်အပေါ် အထက်တန်းနှင့် ရိုးရိုးတန်းထိုင်ခုံနေရာ(၂၁)နေရာ တိုးမြှင့်သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ကသာမြို့နယ်တွင် နေထိုင်ကြသော ပြည်သူများ ဝန်းသို-ကောလင်း-ပင်လည်ဘူးမြို့များသို့ သွားလာရန်အတွက် အမှတ်(၅၆)အစုန် ရထားတွင် ကောလင်းဘူတာအတွက် သတ်မှတ်ထားသော ရိုးရိုးတန်းတွဲ၌ ကသာမှ ကောလင်းအထိ ရိုးရိုးတန်းထိုင်ခုံ (၁၅)နေရာ၊ နဘားမှ ကောလင်းအထိ ရိုးရိုးတန်းထိုင်ခုံ (၅)နေရာတို့ကို သီးခြားစီစဉ်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့်၏ **တနင်္သာရီတိုင်းဒေသကြီး ထားဝယ်-မြိတ်လမ်းရှိ ကဒ်မြစ်ကူးတံတားဆောက်လုပ်ရာတွင် မော်တော်ကားလမ်းပါ/မပါ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ထားဝယ်- မြိတ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းရှိ ဘုတ်ခြံ-ပုလောလမ်းပိုင်းတွင် မြဒေါင်ရွာနှင့် ပိဒက်ရွာကြား၌ အကျယ်ပေ(၃၆၀)ရှိသော ပိဒက်ချောင်းရှိပြီး ၎င်းချောင်းကို ကြိုတင်အားဖြည့်ကွန်ကရစ်တံတားပေါင်များ အသုံးပြုကာ (၄၀၄)ပေအရှည်ရှိ တံတား(၁)စင်းကို တည်ဆောက်ရန်လျာထားပါကြောင်း၊ ထိုရထားလမ်း တံတားဖောက်လုပ်သည့်အခါ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီများ သွားလာနိုင်အောင် တံတားကို ဒီဇိုင်းရေးဆွဲတည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်း မြန်မာ့မီးရထားက တည်ဆောက်ခဲ့သည့် တံတားများမှာ ကွန်ကရစ်တံတား၊ ပေါင်တံတားများဖြစ်ပြီး ရထားရောကားပါဖြတ်သန်းနိုင်ရန် ရည်ရွယ်တည်ဆောက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၆)ဦး၏ ဆောက်လုပ်ရေးဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးဇော်ဟိန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း၏ **မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် မုဒုံ-မြဝတီလမ်းပေါ်ရှိ ချောင်းနှစ်ခွ(အတ္ထရံ)မြစ်ကူးတံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ခရီးသွားပြည်သူများသည် အတ္ထရံမြစ်ကို စက်လှေများဖြင့် ဖြတ်ကူးလျက်ရှိပြီး မော်တော်ယာဉ်များဖြတ်ကူးနိုင်ရန် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဇက်ရေယာဉ်(၁)စင်း ထားရှိ၍ ဖြတ်ကူးပေးလျက်ရှိပါကြောင်း၊ ယခုနှစ်မိုးရာသီရေများချိန်တွင် ဇက်ရေယာဉ်ကမ်းကပ်မရ၍ အချိန်(၂)လခန့် မော်တော်ယာဉ်များ ဖြတ်ကူးရန်အခက်အခဲရှိသည်ဟု သိရှိရပါကြောင်း။

အတ္ထရံမြစ်သည် ကမ်း(၂)ဖက် အကျယ်ပေ(၅၀၀)ခန့်ရှိပါကြောင်း၊ တံတားဆောက်လုပ်မည်ဆိုပါက ဖြတ်သန်းသွားလာသော သင်္ဘောများအမြင့်ပေါ်မူတည်ပြီး တံတားအရှည်မှာ ပေ(၁၀၀၀) မှ ပေ(၁၅၀၀) ခန့်အထိ ရှိမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အတ္ထရံမြစ်ကူးတံတား ဆောက်လုပ်ရေးအတွက် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းနှင့် တံတားတည်ဆောက်နိုင်ရန်အတွက် ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တည်ဆောက်ထား

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **ပျော်ဘွယ်မြို့နယ် အနောက်ဘက်တွင် ဖြတ်သန်းသွားသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၂၆၉/၅)အနီးရှိ နတ်စုံးမော်ကျေးရွာမှ ပြည်သူများအနေဖြင့် လမ်းအနောက်ဘက်သို့ ကူးသန်းသွားလာရန်အတွက် Underpass ဖောက်လုပ်ပေးထားခြင်း မရှိသောကြောင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်နှင့် လမ်းမကြီး ဖောက်လုပ်ထားသောကြောင့် ယခင်ဆက်သွယ်ထားသော လမ်းများမရှိတော့၍ အခြားကျေးရွာများနှင့် ဆက်သွယ်ပေးနိုင်သည့်လမ်းများ ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းအပိုင်းအတွင်းရှိ ပျော်ဘွယ်မြို့နယ်မှာ မိုင်တိုင်(၂၆၁/၂)မှ (၂၇၆/၃)အထိ မိုင်အရှည် (၁၅)မိုင် (၁) ဖာလုံ ဖြစ်ပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့်ဆက်စပ်လျက်ရှိသော ပျော်ဘွယ်မြို့နယ်ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် မြို့ပြဒေသများနှင့် ဆက်သွယ်ရာတွင် အမြန်လမ်းမကြီးကိုဖြတ်သန်းရာ၌ ပျော်ဘွယ်မြို့နယ်အတွင်းတွင် ယာဉ်ဖြတ်တံတား (၂)ခု၊ လူသွားဖြတ်ပေါက်တံတား(၇)ခု၊ စုစုပေါင်း(၉)ခုကို တည်ဆောက်ထားပါကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် လမ်းဘေး ဝဲ/ယာများ၌ ခြံစည်းရိုးများ ကာရံထားလျက် ရှိပါကြောင်း။

ပျော်ဘွယ်မြို့နယ်တွင်းရှိ နတ်စုံးမော်ကျေးရွာမှာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၆၉/၅)၏ အရှေ့ဘက်(၁)မိုင်ခန့်အကွာတွင် ရှိပါကြောင်း၊ နတ်စုံးမော်ကျေးရွာမှ ပြည်သူများအနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဖြတ်၍ အနောက်ဘက်ရှိ ၎င်းတို့၏ လယ်ယာမြေများသို့ ကူးသန်းသွားလာမှုလွယ်ကူစေရန် ယာဉ်ဖြတ်တံတား(၁)ခု၊ လှည်းဖြတ်ပေါက် တံတား(၃)ခုစီ စီစဉ်ပေးထားပြီး မိုးရာသီတွင် နွားလှည်းများ ဖြတ်သန်းလျက်ရှိပြီး ပွင့်လင်းရာသီတွင် နွားလှည်းများသာမကဘဲ ထော်လာဂျီများ၊ ကားငယ်များပါ နေ့စဉ်မပြတ် ကူးသန်းသွားလာနေမှုကို ၂၅-၁-၂၀၁၂ ရက်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းစီမံကိန်း တာဝန်ခံအင်ဂျင်နီယာက ဓာတ်ပုံမှတ်တမ်းများနှင့်တကွ တင်ပြထားမှုအရ သိရှိရပါကြောင်းဖြင့် ဖြေကြားသည်။

ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး-ဖောင်းပြင်လမ်းပေါ်ရှိ (ပင်လည်ဘူး-အင်ကုန်း)မူးမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပင်လည်ဘူး-ဖောင်းပြင်လမ်း မိုင်တိုင်(၆၅/၀)အနီးတွင် မူးမြစ်ဖြတ်သန်းလျက်ရှိပါကြောင်း၊ ပင်လည်ဘူး-ဖောင်းပြင်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှစ၍ တာဝန်ယူထိန်းသိမ်းခဲ့ပြီး ယခုအခါ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ လမ်းပေါ်၌ မူးမြစ်ကူးတံတားဆောက်လုပ်ပေးပါက ပင်လည်ဘူးမြို့နယ်ရှိ ပြည်သူများအပြင် အထက်ချင်းတွင်းဒေသဖြစ်သော ဖောင်းပြင်၊ ဟုမ္မလင်း၊ ထမံသီ၊ ခန္တီးမြို့နယ်များရှိ ပြည်သူများအတွက်လည်း သွားလာရေးလွယ်ကူချောမွေ့သွားမည်ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပင်လည်ဘူး-ဖောင်းပြင်လမ်းပေါ်ရှိ မူးမြစ်ကူးတံတား ဆောက်လုပ်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ကျပ်သန်း(၃၀၀) လျာထားတင်ပြထားပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအခြေအနေပေါ်တွင်မူတည်ပြီး လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စရပ်များကို သင့်တင့်သောအချိန်အတွင်း သွားလာနိုင်ရေးအတွက် မြင်းခြံ-နွားထိုးကြီး-မြစ်သား-ရေဝန်း လမ်း(၅၃ ဒသမ ၇)မိုင်အား စာချုပ်ပါစည်းကမ်းများနှင့်အညီ အမြန်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြင်းခြံ-နွားထိုးကြီး-မြစ်သား-ရေဝန်းလမ်း မိုင်တိုင်(၂/၃)မှ(၅၆/၂)အထိ (၅၃)မိုင် (၇)ဖာလုံကို ပင်လယ်ကွေ့စွမ်းအားဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ယခင်ဆောင်ရွက်ခဲ့သော အာရှမြန်မာကုမ္ပဏီထံမှ တရားဝင်လွှဲပြောင်းရယူခဲ့ပြီး ၂၂-၁-၂၀၁၁ ရက်မှစ၍ B.O.T စနစ်ဖြင့် လုပ်ကိုင် ဆောင်ရွက်ခဲ့ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ဤလမ်းကို မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မှ အင်ဂျင်နီယာများ အကြိမ်ကြိမ် စစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း။

ပင်လယ်ကွေ့စွမ်းအားဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အနေဖြင့် လမ်းသားကောင်းမွန်အောင် ဦးစားပေး ဆောင်ရွက်ခြင်းမပြုဘဲ လုပ်ငန်းဆောင်ရွက်မှု အားရဖွယ်မရှိသဖြင့် ကုမ္ပဏီမှတာဝန်ရှိသူများအား ခေါ်ယူ၍ သတိပေးဆုံးမခြင်း၊ လမ်းညွှန်မှုများ အကြိမ်ကြိမ်ပြုလုပ်ပြီး လုပ်ငန်းတိုးတက်မှု ရှိ/မရှိ အထူး စောင့်ကြည့်နေသော လမ်းအပိုင်း ဖြစ်ပါကြောင်း။

၈-၁-၂၀၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် ခရိုင်အင်ဂျင်နီယာမှူးများက သွားရောက်စစ်ဆေးရာ မိုင်တိုင်(၂၀/၀)မှ (၃၆/၅) အတွင်း လမ်းပေါက်များအားလုံး ဖာထေးဖြည့်ခြင်း ဆောင်ရွက်ထားသည်ကို သိရှိရပါကြောင်း။

သတ်မှတ်စောင့်ကြည့်ကာလအထိ တိုးတက်မှုမရှိပါက လုပ်ငန်းပြန်လည်ရုပ်သိမ်းမည်ဟုလည်း ကြိုတင်သတိပေးထားပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မြင်းခြံ-နွားထိုးကြီး-မြစ်သား-ရေဝန်း လမ်း(၅၃)မိုင်(၇)ဖာလုံအား စာချုပ်ပါစည်းကမ်းများနှင့်အညီပြုပြင်ဆောင်ရွက်ရန် စီစဉ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနှင့် လုပ်ငန်းတိုးတက်မှုမရှိပါက လုပ်ငန်းလုပ်ပိုင်ခွင့် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တာဝန်ပေးအပ်

ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့်၏ **တနင်္သာရီတိုင်းဒေသကြီးတွင် တောင်နှင့်မြောက် လမ်းအရှည်(၅၁၂)မိုင်(၆)ဖာလုံ ရှိသည့် ပြည်ထောင်စုလမ်းမကြီးဖြစ်သော ကော့သောင်းမြို့မှ မလွှဲတောင် နယ်စပ်အထိ ဖောက်လုပ်ထားသော လမ်းမကြီးကို ပြည်ထောင်စုအစိုးရက ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်-မြိတ် ပြည်ထောင်စုလမ်းမကြီးသည် မလွှဲတောင်မှ ကော့သောင်းမြို့အထိ မြောက်မှ တောင်သို့(၅၁၂)မိုင်(၆) ဖာလုံ ရှည်လျားပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၌ မိုးတွင်းကာလ မိုးရွာသွန်းမှု များပြားခြင်းကြောင့် လမ်း-တံတားများ၏ အခြေအနေများစစ်ဆေးနိုင်ရန် ရုံးချုပ်နှင့် ပြည်နယ်အတွင်းရှိ အင်ဂျင်နီယာများပါဝင်သော စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးချက်များအရ ရန်ကုန်-မြိတ်လမ်းတွင် လမ်းပျက်စီးမှုများကိုပြုပြင်၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထားဝယ်-မလွှဲတောင်အပိုင်း မိုင်တိုင်(၀/၀)မှ(၃၀/၀)အထိ မိုင်(၃၀)အား ထားဝယ်ခရိုင်အဖွဲ့အားလည်းကောင်း၊ မိုင်တိုင် (၃၀/၀)မှ(၈၁/၆)အထိ (၅၁)မိုင်(၆)ဖာလုံအား လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၁၆)အားလည်းကောင်း၊ ထားဝယ်-မြိတ်အပိုင်း မိုင်တိုင်(၀/၀)မှ (၄၅/၀)အထိ (၄၅)မိုင်အား ထားဝယ်ခရိုင်အဖွဲ့အားလည်းကောင်း၊ မိုင်တိုင်(၄၅/၀) မှ(၉၅/၀)အထိ မိုင်(၅၀)အား လေယာဉ်ကွင်းဆောက်လုပ်ရေးအထူးအဖွဲ့(၆)အားလည်းကောင်း၊ မိုင်တိုင်(၉၅/၀)မှ(၁၅၄/၆)အထိ (၅၉)မိုင် (၆)ဖာလုံနှင့် မြိတ်မြို့ရှောင်ကွင်းလမ်း မိုင်(၅၀) (၄)ဖာလုံအား မြိတ်ခရိုင်အဖွဲ့အားလည်းကောင်း ၁-၁၁-၂၀၁၁ရက်တွင် လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ အဖွဲ့အသီးသီးသည် ကတ္တရာလမ်းအဆင့်ထိန်းနိုင်သည့် နေရာများ၊ သံကူကွန်ကရစ်တံတားများတည်ဆောက်ခြင်းလုပ်ငန်းများနှင့် အခြားလမ်းလုပ်ငန်း အသီးသီးတို့ကိုလည်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်၍ ကတ္တရာလမ်းအဆင့်အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

27-1 (06).pmd 1 1/27/2012, 2:05 AM

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တာချီလိတ်မြို့၌ သာသနာရေးဆိုင်ရာများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၆

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဇန်နဝါရီ ၂၁ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဝမ်ကောင်းရပ်ကွက်ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတအား သွားရောက်ဖူးမြော်ကြည်ညိုပြီး တောင်တန်းသာသနာပြုကျောင်း၌ တောင်တန်းဒေသသာသနာပြု ဆရာတော်များ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ သာသနာနုဂ္ဂဟ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက တောင်တန်းသာသနာပြုဆရာတော်များအား လှူဖွယ်ပစ္စည်းများ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအတွက် ဗလာစာအုပ်များ ဆက်ကပ်လှူဒါန်းပြီး ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ သာသနာနုဂ္ဂဟအဖွဲ့ဝင်များအား ဗုဒ္ဓဆင်းတုတော်များနှင့် ဓမ္မစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၂ ရက်တွင် တာချီလိတ်မြို့ရှိ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မသီရိအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ဆောက်လုပ်လှူဒါန်းထားသော ဆန်ဆိုင်းရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်နှင့်ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ကျောင်း၌ကျင်းပသည့် ဆရာတော် ဘဒ္ဒန္တရေဝတ၏ သက်တော် (၈၀)ပြည့် ဝိဇာတမွေးနေ့ပူဇာသဘင်နှင့် တေဇစက္ကသိမ်တော်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ် ဥက္ကဋ္ဌ Mr. Ron Daniel၊ ညွှန်ကြားရေးမှူး Professor Karl Jackson နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အောက်ပုံ)** ကျေးလက်ဒေသ ကျန်းမာရေး ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား အရည်အသွေးမြင့်မားစေရေးအတွက် လေ့ကျင့်သင်ကြားရေး ဆိုင်ရာကိစ္စရပ်များ၊ ဆေးနှင့် ဆေးပစ္စည်း ဖြည့်တင်းရေးဆိုင်ရာကိစ္စရပ်များ၊ Johns Hopkins University သို့ သွားရောက်၍ ပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ လေ့လာရေးခရီးစဉ် ကိစ္စရပ်များ၊ ဆေးပညာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားရေး ကိစ္စရပ်များနှင့် ဆေးတက္ကသိုလ်များတွင် တက်ရောက်ရန် ဆေးကျောင်းသားများအား ရွေးချယ်ရေးနှင့်ပတ်သက်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မည့် အစီအစဉ်များ၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် ကူးစက်တတ်ခြင်းမရှိသော ရောဂါများ ကာကွယ်ကုသရေးလုပ်ငန်း ကိစ္စရပ်များ၊ မိခင်၊ မွေးကင်းစနှင့်ကလေး ကျန်းမာရေးလုပ်ငန်းကိစ္စရပ်များ၊ အာဟာရမြှင့်တင်ရေးလုပ်ငန်းများ၊ ကာကွယ်ဆေးများ ရရှိရေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်း ပိုမိုတိုးမြှင့်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဆေးသိပ္ပံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်မြင့်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က) ဦးရဲတင့်	ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန
(ခ) ဦးအောင်မင်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးအား ယင်းရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြန်မာ့အလင်း နိုင်ငံတကာသတင်း

မြန်မာအစိုးရ၏ ဒီမိုကရေစီပြောင်းလဲမှုများကို အားရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း ထုတ်ဖော်ပြောကြား

ကုလသမဂ္ဂ ဇန်နဝါရီ ၂၆

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက မြန်မာအစိုးရ၏ ဒီမိုကရေစီ ပြောင်းလဲမှုများနှင့်ပတ်သက်၍ ချီးကျူးပြောကြားလိုက်ပြီး မိမိအနေဖြင့် မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း အလည်အပတ်ခရီးသွားရောက်ရန် အစီအစဉ်ရှိကြောင်း ဇန်နဝါရီ ၂၅ ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

ထုတ်ဖော်ပြောကြား

သမ္မတဦးသိန်းစိန် ဦးဆောင်သော လက်ရှိမြန်မာအစိုးရသည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွှတ်ပေးမှုများအပါအဝင် သိသာထင်ရှားသော ပြောင်းလဲမှုများအတွက် မိမိဝမ်းမြောက်ဝမ်းသာဖြစ်ရပြီး ကျေနပ်အားရမှုလည်းဖြစ်ရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက နယူးယောက်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားလိုက်သည်။

မြန်မာအစိုးရခေါင်းဆောင်များနှင့် တိုက်ရိုက်ထိတွေ့ပြောဆိုရာတွင် မိမိအနေဖြင့် ကိစ္စရပ်အချို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ မြန်မာအစိုးရခေါင်းဆောင်များနှင့် အနာဂတ်ရေးရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးရန် မကြာမြင့်သောအချိန်အတွင်း မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ရန်လည်း စီစဉ်နေကြောင်း မစ္စတာဘန်ကီမွန်းက ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် ယခုအကြိမ်သည် တတိယအကြိမ်မြောက် ခရီးစဉ်လည်းဖြစ်သည်။ မစ္စတာဘန်ကီမွန်းသည် မြန်မာနိုင်ငံသို့ ပြီးခဲ့သည့် ၂၀၀၉ခုနှစ်က နောက်ဆုံးအကြိမ် လာရောက်ခဲ့သည်။ ယင်းနောက် ပြီးခဲ့သည့်လက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

နေပြည်တော် ပျဉ်းမနား အထက (၁)မြတ်ဆရာပူဇော်မည်

နေပြည်တော် ဇန်နဝါရီ ၂၆

နေပြည်တော် ပျဉ်းမနား အထက (၁)၌ ၁၉၅၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ဦးဆောင်၍ ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းရတနာမွန်ခန်းမ၌ ပူဇော်ကန်တော့ကြမည်ဖြစ်သဖြင့် ဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးကျော်ငြိမ်းလွင် ဖုန်း-၀၉-၅၀၅-၄၈၉၉၊ ဦးသန်းဦး ဖုန်း-၀၉-၈၃၀၀၂၇၉၊ ဦးမြင့်အောင်(ဇောတိက) ဖုန်း-၀၉-၈၃၀၁၃၆၅၊ ဒေါက်တာဂျိုဂျိုစန်း ဖုန်း-၀၉-၄၉၂၀၀၄၃၆၊ ဒေါက်တာစန်းစန်းလွင် ဖုန်း-၀၆၇-၂၂၂၃၈၊ ဒေါ်ခင်မမ ဖုန်း-၀၆၇-၂၁၄၇၄၊ ဦးကိုလေး(ဆီ) ဖုန်း-၀၆၇-၂၁၆၁၂၊ ဦးဘုန်းကျော် ဖုန်း-၀၉-၄၉၃-၀၀၁၁၇၊ ဦးလှမြင့်(မန္တလေး) ဖုန်း-၀၂-၇၉၆၉၂၊ ဦးနီနီမောင် ဖုန်း-၀၆၇-၂၁၃၆၃၊ ဦးလှမြင့်(စိန်ဒေါင်း) ဖုန်း-၀၉-၈၃၀၀၇၂၄၊ ဦးဖိုးနီ (တိုင်းချစ်) ဖုန်း-၀၉-၄၉၂၀၃၂၇၂၊ စိုင်းဖုန်းတင့် ဖုန်း-၀၉-၈၃၀၁၃၁၇၊ ဦးဇော်ထက် ဖုန်း-၀၉-၄၃၀၄၆၅၅ နှင့် ဦးမိုးအောင်ကျော် ဖုန်း-၀၉-၇၃၂၂၆၃၄၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

(သတင်းစဉ်)

အင်းစိန် အလက (၄) ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆု ပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ဆဋ္ဌမတန်းတွင် ပထမဆုရ မသင်းရွှေစင်မင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှဝင်း ဆုချီးမြှင့်စဉ်။

(၀၃၁)

စာမျက်နှာ ၆ မှ

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စီမံကိန်းနှစ်အလိုက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုတင်ပြသည့် လမ်းသည် မြန်မာနိုင်ငံ၏ပြည်ထောင်စုလမ်းမကြီး ဖြစ်သည်နှင့်အညီ (၂၄)ပေအကျယ် ကတ္တရာလမ်းမကြီးအဖြစ်မျှော်မှန်း၍ အိမ်နီးချင်းနိုင်ငံများအဆင့် လမ်းမကြီးဖြစ်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ရပ်စောက်-ပင်းတယ-အောင်ပန်း လမ်းပိုင်းရှိ ရပ်စောက်-ပင်းတယလမ်း အရှည်(၃)မိုင်တွင် ကတ္တရာလမ်း(၅)မိုင် ခင်းပြီးဖြစ်၍ ကျန်(၂၇)မိုင်ကို ကျောက်ကြမ်းလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်း၏ ပင်းတယ-ရပ်စောက်လမ်းအပိုင်းသည် မိုင်တိုင်(၂၄/၀)မှ(၅၆/၀)အထိ စုစုပေါင်း(၃၂)မိုင် ရှည်လျားပါကြောင်း၊ ၃၁-၅-၂၀၁၁ ရက်အထိ လမ်းအခြေအနေမှာ ကတ္တရာလမ်း(၈)မိုင်(၂)ဖာလုံ၊ ကျောက်လမ်း(၁၃)မိုင်၊ အမာခံလမ်း(၁၀)မိုင်(၆)ဖာလုံ ဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း(၃)မိုင်(၃)ဖာလုံ ဆောင်ရွက်ထားရှိပါကြောင်း။

အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်း၏ ပင်းတယ-ရပ်စောက်လမ်းပိုင်း မိုင်(၂၉/၀)မိုင်မှ (၂၉/၄)ဖာလုံ၊ မိုင်(၃၀/၀)မှ (၃၀/၄)ဖာလုံ လမ်းပိုင်းသည် မိုးများသည့်အချိန်တွင် ရေကျော်လေးရှိပြီး လမ်းပျက်စီးမှုများရှိသည့်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေမှ ကျပ်သန်း (၅၀၀)ဖြင့် လုပ်ငန်းများအား အပိုင်းလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အောင်ပန်း-ပင်းတယ-ရပ်စောက်လမ်း၏ ပင်းတယ-ရပ်စောက်လမ်းပိုင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံထားသည့် ငွေလုံးငွေရင်း ရန်ပုံငွေရရှိပါက အမာခံလမ်း ကျောက်လမ်းအဆင့်ရှိသည့် (၇)မိုင်(၁)ဖာလုံကို ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အစီရင်ခံစာများတင်ပြခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစီရင်ခံစာများကို သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က လွှတ်တော်သို့တင်ပြကြပြီး အဆိုပါ အစီရင်ခံစာများအား ဇန်နဝါရီ ၃၀ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

အဆိုတင်သွင်းဆွေးနွေးခြင်းကဏ္ဍတွင် မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်က **"ပြည်ထောင်စု အစိုးရအဖွဲ့အတွင်း ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး ရန်ပုံငွေစာရင်းခေါင်းစဉ်ဖြင့် ရန်ပုံငွေတစ်ရပ်ထားရှိရေး"** အဆိုကို တင်သွင်းသည်။

အတည်ပြုဆုံးဖြတ်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ချီဗွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်နှင့် တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေတို့က ထောက်ခံဆွေးနွေးကြပြီး အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက **"စက်မှုကုန်ထုတ်လုပ်ငန်းများတွင် သွင်းကုန်နှင့်ကုန်ချောသွင်းကုန်တို့ကို ကုန်သွယ်လုပ်ငန်းခွန်နှုန်းထား တစ်ပြေးညီနေခြင်းကိုပြင်ဆင်ပြီး ကုန်ကြမ်းသွင်းကုန်အား အခွန်သက်သာခွင့်ပေးသင့်ပါကြောင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီရေးဆွဲ၍ ပြဋ္ဌာန်းအကောင်အထည်ဖော်သင့်ပါကြောင်း"** အဆို၊ သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **"တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**ကို လက်ခံဆွေးနွေးရန် အဆို၊ **"၁၈၆၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော (ရာဇသတ်ကြီး)ပြစ်မှုဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"**ကို လက်ခံဆွေးနွေးရန်အဆိုနှင့် **"တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေအားပြင်ဆင်သည့်ဥပဒေကြမ်း"**ကို လက်ခံဆွေးနွေးရန် အဆိုတို့ကို တင်သွင်းကြသည်။

ဦးအောင်သိန်းလင်း၏အဆိုနှင့်စပ်လျဉ်း၍ ဇန်နဝါရီ ၃၀ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်းတွင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

ဦးသိန်းညွန့်၏ ပထမအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယင်းဥပဒေနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်တို့မှာ လက်ရှိအခြေအနေတွင် ပြဋ္ဌာန်းချက်ပြည့်စုံပြီးဖြစ်၍ ထပ်မံဖြည့်စွက်ပြင်ဆင်ရန် မလိုအပ်တော့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဦးသိန်းညွန့်၏ ဒုတိယအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ဤဥပဒေပါပြဋ္ဌာန်းချက်များသည် သတင်းမီဒီယာသမားများကိုသာ ထိခိုက်စေသည့် ဥပဒေပြဋ္ဌာန်းချက်များမဟုတ်ပါကြောင်း၊ ဥပဒေနှင့်အညီ မှန်ကန်စွာပြောဆိုနေထိုင်သည့် သတင်းမီဒီယာသမားများအပါအဝင် အများပြည်သူများအား အကာအကွယ်ပေးထားသော ပြဋ္ဌာန်းချက်များသာ ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ ခေတ်နှင့်လျော်ညီသည့် ဥပဒေပြဋ္ဌာန်းချက်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြန်လည်စဉ်းစားနိုင်ရန် အကြံပြုတင်ပြပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဦးသိန်းညွန့်၏ တတိယအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ယင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းကို သုတေသနပြုရေးဆွဲကာ လွှတ်တော်သို့တင်ပြရန် ဆောင်ရွက်လျက်ရှိသောကြောင့် အဆိုပြု ဥပဒေကြမ်းကို တင်ပြရန်မလိုအပ်တော့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အဆိုရှင် ဦးသိန်းညွန့်က ၎င်း၏ပထမအဆိုနှင့်တတိယအဆိုတို့ကို ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ဒုတိယအဆိုကို မှတ်တမ်းတင်ပေးရန်တင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

ဒီဇယ်ဆီကို တစ်နိုင်ငံလုံး မည်သည့်ဒေသတွင်မဆို အခက်အခဲမရှိ လွယ်ကူစွာ ဝယ်ယူအသုံးပြုနိုင်

ပုဂ္ဂလိကအရောင်းဆိုင်များမှ လက်လီရောင်းဈေးမှာ ပြည်ပနိုင်ငံများက လက်လီရောင်းဈေးနှင့်ယှဉ်ပါက ပိုမိုသက်သာ

နေပြည်တော် ဇန်နဝါရီ ၂၆

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၁) ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုတတိယအကြိမ် ပုံမှန်အစည်းအဝေးသည် အဓိကအားဖြင့် ပြည်ထောင်စုအစိုးရက တင်သွင်းမည့် အမျိုးသားစီမံကိန်းများ၊ နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းများ စသည့် ဥပဒေကြမ်းများကို အတည်ပြုဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ဤကိစ္စသည် အရေးကြီးသည့်အတွက် တတ်နိုင်သမျှ မပျက်မကွက်တက်ရောက်၍ ထဲထဲဝင်ဝင် လေ့လာဆန်းစစ်သုံးသပ်ကြရန် လိုအပ်ပါကြောင်း၊ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးတွင် စာတမ်းဖတ်ပွဲကျင်းပပေးခြင်းအားဖြင့် ဤဘာသာရပ်နှင့် မိတ်ဆက်ပေးထားပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းသည့်၂၀၁၁-၂၀၁၂ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ပြည်ထောင်စုဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်အားလုံးကြိုတင်လေ့လာနိုင်ရန် ယနေ့ ဖြန့်ဝေပေးမည်ဖြစ်ပါကြောင်း၊ ယခုတတိယအကြိမ် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အဓိကဖြစ်ပါကြောင်း၊ ဤဥပဒေကြမ်းများသည် ပြည်ထောင်စုလွှတ်တော်၌သာ တင်သွင်းခွင့်ရှိသည့် ဥပဒေကြမ်းများဖြစ်ပါကြောင်း၊ အမျိုးသားစီမံကိန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲခွင့် ဥပဒေကြမ်းနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေရငွေသုံးငွေ ခန့်မှန်းငွေစာရင်းနှင့် ပတ်သက်၍လည်းကောင်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ လိုအပ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကိုပါ အသေးစိတ်ရှင်းလင်းတင်ပြရန် ဖိတ်ကြားသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ရှင်းလင်းတင်ပြသည့်အခါတွင် စီမံကိန်းနှင့် ဘတ်ဂျက်ကို ယှဉ်တွဲစဉ်းစားရမည်ဖြစ်သည့်အတွက် စီမံကိန်းနှင့် ဘတ်ဂျက်ကို တစ်ဆက်တည်း တင်ပြရှင်းလင်းစေမည်ဖြစ်ပါကြောင်း။

ပြဋ္ဌာန်းထားသည့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ နေ့စဉ်အစည်းအဝေးအစီအစဉ်ကို ပြီးဆုံးအောင် ဆောင်ရွက်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်ပါရှိပါကြောင်း၊ သို့ဖြစ်၍ ညနေ ၄ နာရီဟု မူအားဖြင့် သတ်မှတ်ထားသော်လည်း လွှတ်တော်၏ သဘောတူညီချက်ရယူပြီး ဆောင်ရွက်မည်ဖြစ်သည့်အတွက် ည ၁၀ နာရီဝန်းကျင်အထိလည်း ဖြစ်သွားနိုင်သည့် အနေအထားရှိပါကြောင်း၊ တင်လာသည့် အမျိုးသားစီမံကိန်းများ၊ ဘတ်ဂျက်များကို ပြည်သူလူထုလိုလားချက်နှင့် ပြည်သူလူထု၏ စိတ်ချမ်းသာပျော်ရွှင်မှုတို့အပြင် အမျိုးသားရေးလိုလားချက်အတွက် ပကတိ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံတော်၏ အခြေနေမှန်နှင့် နှိုင်းယှဉ်သုံးသပ်ပြီး ဆုံးဖြတ်ပေးရမည် ဖြစ်ပါကြောင်း။

ထို့ပြင်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို အသေးစိတ်ဖတ်ရှုထားရန် လိုမည်ဖြစ်ပါကြောင်း၊ ဤကဲ့သို့ အရေးကြီးသည့် ဥပဒေ၊ နည်းဥပဒေများ ဆောင်ရွက်ရာတွင် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို အတိအကျလိုက်နာကြရမည် ဖြစ်ပါကြောင်း၊ အလားတူပင် ဤသို့ ဆောင်ရွက်ရင်းနှင့် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရန်သင့်သည့် အနေအထားမျိုး တွေ့လာလျှင်လည်း မှတ်သားထား၍ ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်သို့ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်နှင့် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီတို့ကိုဖွဲ့စည်းပြီး လွှတ်တော်ကော်မတီများကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ယနေ့ဖွဲ့စည်းသည့် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်းက ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး စုစုပေါင်း အဖွဲ့ဝင် ၁၁ ဦးပါဝင်သည်။

အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်က ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်မည်ဖြစ်ပြီး စုစုပေါင်းအဖွဲ့ဝင် ၁၅ ဦးပါဝင်သည်။

လွှတ်တော်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းရာတွင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း၊ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးသန်းဆွေ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီကို တိုင်းရင်းသားရေးရာကော်မတီအဖြစ် အမည်ပြောင်းလဲ၍ ဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆိုင်ပေါင်းနပ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင်၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာခင်ရွှေ၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ပါမောက္ခဒေါက်တာမြဦး၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ငြိမ်း၊ ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့်အပြည်ပြည်ဆိုင်ရာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌအဖြစ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်တို့အပါအဝင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုသည်။

အလားတူ အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီကို အမျိုးသားစီမံကိန်းရေးရာကော်မတီ၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကော်မတီအဖြစ် ကော်မတီ ၃ ရပ်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးဇော်မြင့်ဖေ၊ ငွေရေး ကြေးရေးနှင့်အခွန်အကောက်ဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်းနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးတို့ အပါအဝင် အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က စည်ပင်သာယာရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက ပြန်လည်ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **"တောင်သာ-နွားထိုးကြီး ဆက်သွယ်ရေးလမ်းပိုင်းနှင့် ညောင်ဦး-တောင်သာ-မြင်းခြံဆက်သွယ်ရေးလမ်းပိုင်းများအား ဒေသဖွံ့ဖြိုးရေးအတွက် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရေး"** နှင့်စပ်လျဉ်း၍မေးမြန်းရာ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်အရ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းလုပ်ငန်း ၁၀ ခု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းလုပ်ငန်း ၄၈ ခုနှင့် ကျေးလက်/ မြို့ပြဒေသ ရေပေးရေးလုပ်ငန်း ၁၉ ခု၊ စုစုပေါင်းလုပ်ငန်း ၇၇ ခုကို ငွေကျပ်သန်းပေါင်း ၄၄၀၀ ဒသမ ၂၀ အကုန်အကျခံကာဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တောင်သာ- နွားထိုးကြီးလမ်းသည် စုစုပေါင်းလမ်းအရှည် ၁၈ မိုင် ၃ ဖာလုံရှိပြီး လက်ရှိလမ်း အခြေအနေမှာ ၁၂ ပေ အကျယ်ကတ္တရာလမ်း ၃ ဖာလုံ၊ ၁၂ ပေအကျယ် ကျောက်လမ်း ၄ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၁၃ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းတွင် ပေ ၂၀ အကျယ်မြေသားလမ်း ၈ မိုင်၊ ၁၂ ပေ အကျယ် ကျောက်ချောလမ်း ၁၅ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်ရေကျော် ၁ စင်းနှင့် ကျောက်စီမြေကာနံရံ ၁ ခုတို့ ဆက်လက်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ် ၄၄၇ ဒသမ ၉၂ သန်းလိုအပ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း ၆ ဖာလုံအား အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်နှစ်ခွဲ၍ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

ညောင်ဦး-တောင်သာ-မြင်းခြံဆက်သွယ်သောလမ်း (ငါ့သရောက်-ဇချမ်း-မြင်းခြံလမ်း)သည် စုစုပေါင်းအရှည် ၂၁ မိုင် ၇ ဖာလုံရှိပြီး လက်ရှိလမ်းအခြေအနေမှာ ၁၂ ပေအကျယ် ကျောက်ချောလမ်း ၄ ဖာလုံ၊ ၈ ပေအကျယ် ကျောက်ကြမ်းလမ်း ၂ မိုင်၊ မြေသားလမ်း ၁၉ မိုင် ၃ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျောက်ချောလမ်း ၂၁ မိုင် ၃ ဖာလုံနှင့် ကွန်ကရစ်ရေကျော် ၅ စင်း ဆောက်လုပ်ရမည်ဖြစ်ပြီး ရန်ပုံငွေကျပ် ၈၉၉ ဒသမ ၃၇ သန်းလိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်က **"မုံရွာ-သာစည်ကျေးရွာလမ်းပိုင်းတွင် ကတ္တရာခင်းရန် ကျန်ရှိသည့် ၃ မိုင် ၄ ဒသမ ၄ ဖာလုံ အရှည်ရှိ ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် မုံရွာ-သာစည်ကျေးရွာ လမ်းနှင့် နောင်ကြီးအိုင်-မူးကမ်းကြီး-ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူမည့် လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးမြန်းရာ မုံရွာ-သာစည်ကျေးရွာလမ်းမှာ ယခင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ကတ္တရာလမ်းဟောင်းဖြစ်ပြီး စုစုပေါင်းလမ်း အရှည် ၁၃ မိုင်ရှိသည့် အနက် ကတ္တရာလမ်း ၉ မိုင် ၄ ဖာလုံနှင့် ကျောက်ချောလမ်း ၃ မိုင် ၄ ဖာလုံ ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၀၅ ဒသမ ၅၇ သန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ ကွန်ကရစ်တံတား ၃ စင်းနှင့် သစ်သားတံတား ၁ စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ကျန်ရှိသည့် ကျောက်ချောလမ်းပိုင်း ၃ မိုင် ၄ ဖာလုံအား ကတ္တရာလမ်းဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေကျပ် ၁၆၁ ဒသမ ၅ သန်း ကုန်ကျမည်ဖြစ်ရာ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၇ ဖာလုံကို လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

နောင်ကြီးအိုင်-မူးကမ်းကြီး-ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်း ၂၇ မိုင် ၇ ဖာလုံ သည် မြို့နယ် ၃ ခုဆက်သွယ်သောလမ်းဖြစ်ပြီး မြို့နယ်အလိုက် လမ်းအမျိုးအစားနှင့် လမ်းမိုင်အရှည်မှာ အရာတော်မြို့နယ်တွင် မြေသားလမ်း ၁၀ မိုင် ၆ ဖာလုံ၊ ဒီပဲယင်းမြို့နယ်တွင် မြေသားလမ်း ၃ မိုင် ၇ ဖာလုံ၊ ရွှေဘိုမြို့နယ်တွင် ကျောက်ချောလမ်း ၆ မိုင် ၂ ဖာလုံနှင့် ကတ္တရာလမ်း ၇ မိုင် တို့ဖြစ်ပါကြောင်း။

အဆိုပါလမ်းတွင် ရွှေဘိုမြို့နယ်ရှိ ကတ္တရာလမ်း ၇ မိုင်အနက် ချီပါလမ်းခွဲမှ ရွှေဘိုလမ်းပိုင်းသာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် ကတ္တရာလမ်း ၃ မိုင်ဖြစ်ပြီး ကျန်လမ်းပိုင်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ယူ ထိန်းသိမ်းသောလမ်းများ ဖြစ်ကြပါကြောင်း။

ရွှေဘိုမြို့နယ်၊ ရေကြည်ဝ-တည်ပင်-ဆိပ်ခွန် ကျောက်ချောလမ်းပိုင်း ၆ မိုင် ၂ ဖာလုံ ပြုပြင်ခြင်း လုပ်ငန်းနှင့် ဆိပ်ခွန်-ချီပါလမ်းခွဲ ကတ္တရာလမ်းပိုင်း ၁ဖာလုံပြုပြင်ခြင်းလုပ်ငန်းတို့ကို၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ရာတွင် နောင်ကြီးအိုင်-မူးကမ်းကြီး-ရေကြည်ဝ-ဆိပ်ခွန်-ရွှေဘိုလမ်းသည် မြို့နယ် ၃ ခု ဆက်သွယ်သောလမ်းဖြစ်ပြီး အဆိုပါလမ်းကို အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လုံလောက်မှုမရှိပါသဖြင့် နှစ်အလိုက်စီမံချက်ရေးဆွဲပြီး နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဘဏ္ဍာရေးနှစ် ၃ နှစ်ခွဲ၍ ပြီးစီးအောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဇော်နိုင်ဦးက **"မွန်ပြည်နယ်၊**



စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် မေးမြန်းစဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် မေးမြန်းစဉ်။ (သတင်းစဉ်)

ဘီးလင်းမြို့နယ်တွင် အဓိကကျသော ကျေးရွာချင်း
ယခုနှစ်အတွင်း ပြုပြင်ဆောင်ရွက်ပေးရန် အစီအ
ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လ
ဆက်ကြောင်းမှ နှင်းပုလဲ၊ ရွှေလှေ၊ ညောင်ပလ္လင်၊
များသို့ ဆက်သွယ်သောလမ်းမှာ အရှည် ၇ မိုင်
ပုလဲလမ်းပိုင်း ၁ မိုင် ၇ ဖာလုံမှာ ဆောက်လုပ်ရေး
ဖြစ်၍ နှင်းပုလဲလိပ်ခုံးလမ်း ၅ မိုင် ၂ ဖာလုံမှာ
အကျဉ်းဦးစီးဌာနက ဖောက်လုပ်ခဲ့သော မြေသာ

ဒုတိယလမ်းဖြစ်သည့် တောင်စွန်းကျေးရွာ
တွင်း ကျေးရွာများနှင့် ရန်ကုန်-မော်လမြို
ဆက်သွယ်သော အရှည် ၆ မိုင် ၅ ဖာလုံရှိ လ
ဖောက်လုပ်ခဲ့သော လမ်းဖြစ်ပြီး မူလ ကတ္တရာ
အခြေအနေမှာ ဆိုးရွားစွာ ပျက်စီးလျက်ရှိပါကြေ

တတိယလမ်းမှာ ယက္ကန်းသည်မ ကျေးရွ
ကျေးရွာပေါင်း ၁၆ ရွာကျော်ရှိသည့် မရမ်းကုန်
သောအရှည် ၂ မိုင် ၃ ဖာလုံရှိ ကျောက်လမ်
လမ်း အဆင့်သာ ဖြစ်ပါကြောင်း။

အဆိုပါလမ်း ၃ လမ်းအနက် ယက္ကန်းသ
ကြောင်းလမ်း ၁ ခုသာ လယ်ယာထွက် ရာသီကုန်
ဖြစ်ပြီး ကျန်လမ်း ၂ လမ်းမှာ အကျဉ်းဦးစီးဌာန
ဖြစ်ပါကြောင်း။

အဆိုပါလမ်း ၃ လမ်းကို အဆင့်တိုးမြှင့်ပေးရ
အဖွဲ့၏ ရန်ပုံငွေဖြင့် လုံလောက်မှုမရှိသည်ကို
၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် လမ်းအမှတ် ၃
ဆက်ကြောင်းလမ်းကို ကျောက်လမ်းအဖြစ်ဆောင်
ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပ

ကျန်လမ်းများမှာ အကျဉ်းဦးစီးဌာန၏ ကေ
ကြောင့် ယင်းလမ်းများကို ပြုပြင်ပေးနိုင်ရေးအတွ
ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေ

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦ
မေးခွန်းများကို မေးမြန်းကြရာ စွမ်းအင်ဝန်ကြီး
ဦးသန်းဌေးက ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်
"အနာဂတ် လူဦးရေ တိုးတက်မှုအခြေအနေနှင့်တွ
ဖူလုံရေးနှင့် လုံခြုံရေးအတွက် အရန်စွမ်းအင်သိုလေ
တစ်ရပ်ထားရှိကျင့်သုံးမှု ရှိ/မရှိ" မေးမြန်းရာ စွ
ဒေသတွင်း စွမ်းအင်အရင်းအမြစ်များ ပိုမိုဖူလုံ
စေရန် အရင်းအမြစ်များ တိုးတက်ရှာဖွေထုတ်လု

ပိုက်လိုင်းကွန်ရက်စနစ် အကောင်အထည်ဖော်ရေး
လျက်ရှိပါကြောင်း။

နိုင်ငံတော်တွင် တစ်နေ့လျှင် ရေနံစိမ်း စ
ရေနံထွက် ပစ္စည်းများကို သုံးစွဲလျက်ရှိသော်လည်
ခန့်သာ ပြည်တွင်းမှ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါ
ကို ပြည်ပမှနှစ်စဉ်ဝယ်ယူ တင်သွင်းခဲ့ရာ အများ
ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၇၈၁ သန်
ပြည်ပမှဝယ်ယူ တင်သွင်းသော စက်သုံးဆီဈေးနှုန်း
၏ ဈေးနှုန်းထက် ပိုမိုများပြားနေပါကြောင်း။

နိုင်ငံတော်၏ သဘာဝဓာတ်ငွေ့လိုအပ်ချ
ကုဗပေသန်းခန့်ရှိရာ ကုန်းပိုင်းနှင့်ကမ်းလွန်ပိုင်းတို့
တစ်ရက်လျှင် ၂၄၀ ကုဗပေသန်းခန့် ဖြန့်ဖြူးပေ
၄၀ ရာခိုင်နှုန်းသာ ဖြည့်ဆည်းပေးနိုင်ပါကြော

မြန်မာနိုင်ငံ၏ အနာဂတ်ကာလအတွက်
လိုအပ်ချက်များကို GDP တိုးတက်မှုနှုန်း၊ လူဦးရေ
တိုးမြှင့်မှုနှင့် လယ်ယာကဏ္ဍတိုးမြှင့်မှု စသည့်စံနှုန်
အခြေခံ၍ ခန့်မှန်းတွက်ချက်ထားရာ ၂၀၁၅-၂၀၁၆
လိုအပ်ချက် နှစ်စဉ်တိုးတက်မှုနှုန်း ၇ ဒသမ ၃ ရာ
လိုအပ်ချက် နှစ်စဉ်တိုးတက်မှုနှုန်း ၄ ဒသမ ၅ ရာ
ခန့်မှန်းတွက်ချက်ရပါကြောင်း၊ စွမ်းအင်လိုအပ်ချ
GDP ၏ ၁ ဒသမ ၅ ဆခန့်သုံးစွဲနေရသည်ဟု
တစ်နည်းအားဖြင့် GDP တစ်ကျပ်ဖိုးတိုးတက်ရန်
သုံးစွဲရသည်ဟု ဆိုလိုပါကြောင်း။

ထိုသို့တိုးတက်လာသော စက်မှုကဏ္ဍနှင့်
ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လက်ရှိကုန်
၃၈ ကွက်၌ အတွေ့အကြုံရှိသော နိုင်ငံခြားကုမ္ပ
သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းမျ
ရှိပါကြောင်း၊ ထို့ပြင် ကုန်းတွင်းလုပ်ကွက် ၁၈ ကွ
၁၀ ကွက်ကို လုပ်ကိုင်ခွင့်ပေးရန် စီစဉ်ဆောင်ရွ

ဘီးလင်းမြို့နယ်တွင် အဓိကကျသော ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများအား ယခုနှစ်အတွင်း ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ'' မေးမြန်းရာ ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်း ၃ ခုအနက် ဘီးလင်းဆက်ကြောင်းမှ နှင်းပုလဲ၊ ရွှေလှေ၊ ညောင်ပလ္လင်၊ ညောင်လမ်း၊ လိပ်ခုံးကျေးရွာများသို့ ဆက်သွယ်သောလမ်းမှာ အရှည် ၇ မိုင် ၁ ဖာလုံရှိပြီး ဘီးလင်း-နှင်းပုလဲလမ်းပိုင်း ၁ မိုင် ၇ ဖာလုံမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် ကတ္တရာလမ်းဖြစ်၍ နှင်းပုလဲလိပ်ခုံးလမ်း ၅ မိုင် ၂ ဖာလုံမှာ အောင်မြေ ကြံစီမံကိန်းအရ အကျဉ်းဦးစီးဌာနက ဖောက်လုပ်ခဲ့သော မြေသားလမ်းဖြစ်ပါကြောင်း။

ဒုတိယလမ်းဖြစ်သည့် တောင်စွန်းကျေးရွာအုပ်စုဆက်ကြောင်းမှ ဒေသတွင်း ကျေးရွာများနှင့် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးသို့ ဆက်သွယ်သော အရှည် ၆ မိုင် ၅ ဖာလုံရှိ လမ်းမှာ အကျဉ်းဦးစီးဌာနက ဖောက်လုပ်ခဲ့သော လမ်းဖြစ်ပြီး မူလ ကတ္တရာလမ်းဖြစ်သော်လည်း လက်ရှိအခြေအနေမှာ ဆိုးရွားစွာ ပျက်စီးလျက်ရှိပါကြောင်း။

တတိယလမ်းမှာ ယက္ကန်းသည်မ ကျေးရွာအုပ်စု ဆက်ကြောင်းနှင့် ကျေးရွာပေါင်း ၁၆ ရွာကျော်ရှိသည့် မရမ်းကုန်းကျေးရွာအုပ်စု ဆက်သွယ်သောအရှည် ၂ မိုင် ၃ ဖာလုံရှိ ကျောက်လမ်းဖြစ်ပြီး လက်ရှိမှာမြေသားလမ်း အဆင့်သာ ဖြစ်ပါကြောင်း။

အဆိုပါလမ်း ၃ လမ်းအနက် ယက္ကန်းသည်မ ကျေးရွာအုပ်စုဆက်ကြောင်းလမ်း ၁ ခုသာ လယ်ယာထွက် ရာသီကုန်များကို တင်ပို့သည့်လမ်းဖြစ်ပြီး ကျန်လမ်း ၂ လမ်းမှာ အကျဉ်းဦးစီးဌာန၏ ကျောက်ထုတ်လမ်းများဖြစ်ပါကြောင်း။

အဆိုပါလမ်း ၃ လမ်းကို အဆင့်တိုးမြှင့်ပေးရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် လမ်းအမှတ် ၃ ယက္ကန်းသည်မ ကျေးရွာအုပ်စု ဆက်ကြောင်းလမ်းကို ကျောက်လမ်းအဖြစ်ဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကျန်လမ်းများမှာ အကျဉ်းဦးစီးဌာန၏ ကျောက်ထုတ်လမ်းများဖြစ်ခြင်းကြောင့် ယင်းလမ်းများကို ပြုပြင်ပေးနိုင်ရေးအတွက် အဆိုပါဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က စွမ်းအင်ကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်က **''အနာဂတ် လူဦးရေ တိုးတက်မှုအခြေအနေနှင့်တွက်ချက်၍ ဒေသတွင်းစွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် အရန်စွမ်းအင်သိုလှောင်ထားရှိသည့် အစီအစဉ်တစ်ရပ်ထားရှိကျင့်သုံးမှု ရှိ/မရှိ''** မေးမြန်းရာ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဒေသတွင်း စွမ်းအင်အရင်းအမြစ်များ ပိုမိုဖူလုံမှုရှိစေရန်နှင့် လုံခြုံစိတ်ချရစေရန် အရင်းအမြစ်များ တိုးတက်ရှာဖွေထုတ်လုပ်ခြင်းနှင့် သဘာဝဓာတ်ငွေ့

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။

(သတင်းစဉ်)

ပိုက်လိုင်းကွန်ရက်စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်တွင် တစ်နေ့လျှင် ရေနံစိမ်း စည် ၆၀၀၀၀ နှင့်ညီမျှသော ရေနံထွက် ပစ္စည်းများကို သုံးစွဲလျက်ရှိသော်လည်း လိုအပ်ချက်၏ ၃ ပုံ ၁ ပုံခန့်သာ ပြည်တွင်းမှ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ကျန် ၃ ပုံ ၂ပုံခန့်ကို ပြည်ပမှနှစ်စဉ်ဝယ်ယူ တင်သွင်းခဲ့ရာ အများဆုံးအနေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၇၈၁ သန်းကျော်အထိ ရှိခဲ့ပါကြောင်း၊ ပြည်ပမှဝယ်ယူ တင်သွင်းသော စက်သုံးဆီဈေးနှုန်းသည် ပြည်တွင်းချက်လုပ်မှု၏ ဈေးနှုန်းထက် ပိုမိုများပြားနေပါကြောင်း။

နိုင်ငံတော်၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်မှာ တစ်ရက်လျှင် ၅၇၀ ကုဗပေသန်းခန့်ရှိရာ ကုန်းပိုင်းနှင့်ကမ်းလွန်ပိုင်းတို့မှရရှိသော သဘာဝဓာတ်ငွေ့ တစ်ရက်လျှင် ၂၄၀ ကုဗပေသန်းခန့် ဖြန့်ဖြူးပေးနိုင်သဖြင့် လိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်းသာ ဖြည့်ဆည်းပေးနိုင်ပါကြောင်း။

မြန်မာနိုင်ငံ၏ အနာဂတ်ကာလအတွက် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့လိုအပ်ချက်များကို GDP တိုးတက်မှုနှုန်း၊ လူဦးရေတိုးတက်မှုနှုန်း၊ စက်မှုကဏ္ဍတိုးမြှင့်မှုနှင့် လယ်ယာကဏ္ဍတိုးမြှင့်မှု စသည့်စံနှုန်း (Standards)များအပေါ် အခြေခံ၍ ခန့်မှန်းတွက်ချက်ထားရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ရေနံစိမ်းလိုအပ်ချက် နှစ်စဉ်တိုးတက်မှုနှုန်း ၇ ဒသမ ၃ ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက် နှစ်စဉ်တိုးတက်မှုနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ခန့်မှန်းတွက်ချက်ရပါကြောင်း၊ စွမ်းအင်လိုအပ်ချက်အနေဖြင့် နိုင်ငံတကာတွင် GDP ၏ ၁ ဒသမ ၅ ဆခန့်သုံးစွဲနေရသည်ဟု လေ့လာသိရှိရပါကြောင်း၊ တစ်နည်းအားဖြင့် GDP တစ်ကျပ်ဖိုးတိုးတက်ရန် စွမ်းအင် ၁ ဒသမ ၅ ကျပ်ဖိုး သုံးစွဲရသည်ဟု ဆိုလိုပါကြောင်း။

ထိုသို့တိုးတက်လာသော စက်မှုကဏ္ဍနှင့် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လက်ရှိကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက် ၃၈ ကွက်၌ အတွေ့အကြုံရှိသော နိုင်ငံခြားကုမ္ပဏီ ၃၀ ကျော်ဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကုန်းတွင်းလုပ်ကွက် ၁၈ ကွက်အနက် ကုမ္ပဏီ ၈ ခုအား ၁၀ ကွက်ကို လုပ်ကိုင်ခွင့်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကျန်ကုန်းတွင်းလုပ်ကွက်များအားလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြောင်းလဲကျင့်သုံးလျက်ရှိသော နိုင်ငံရေးနှင့် စီးပွားရေးမူဝါဒအရ နိုင်ငံတကာမှ အတွေ့အကြုံရှိသော ရေနံကုမ္ပဏီများကလည်း လာရောက်ဆွေးနွေးလျက်ရှိပါကြောင်း။

ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများတွင် လိုအပ်သော အချက်အလက်များ စုဆောင်းခြင်း၊ ရှာဖွေခြင်း၊ တိုင်းတာခြင်း၊ အစမ်းတွင်းတူးဖော်ခြင်း၊ စီးပွားဖြစ်ထုတ်လုပ်သုံးစွဲရန်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရသည်ဖြစ်ရာ စီးပွားဖြစ်တွေ့ရှိပြီးနောက်တွင်ပင် ထုတ်လုပ်သုံးစွဲရန် အနည်းဆုံးခန့်မှန်းအချိန် ၃နှစ်မှ ၅ နှစ်ခန့် ကြာမြင့်မည်ဖြစ်ပါကြောင်း။

လေ့လာချက်များအရ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်၊ ထိုင်းနိုင်ငံ စသည့် အာရှဒေသနိုင်ငံများ၊ ဥရောပတိုက်ရှိနိုင်ငံများ၌ အရေးပေါ်အခြေအနေတွင် သုံးစွဲနိုင်ရန်အတွက် ရေနံထွက်ပစ္စည်း ဥပမာ- ဒီဇယ်ကိုသာ ရက်ပေါင်း ၉၀ စာကို စုဆောင်းသိုမှီး Stockpiling ပြုလုပ်ထားကြပါကြောင်း၊ မြေအောက်မှ မတူးဖော်သေးဘဲ အရန်မထားနိုင်ကြသေးပါကြောင်း၊ ချမ်းသာကြွယ်ဝသည့် အမေရိကန်ပြည်ထောင်စုသာလျှင် သဘာဝသယံဇာတ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်ထဲမှ အချို့ကို အရန်ပမာဏ Oil and Gas Resources အဖြစ် အရေးပေါ်စွမ်းအင် လုံခြုံရေးအတွက် ထုတ်ယူခြင်းမရှိဘဲ မြေအောက်တွင် သိုမှီးထားသည့်စနစ်ကို ကျင့်သုံးနိုင်သေးသည်ကို သိရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် Energy Security အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက် (ASEAN Petroleum Security Agreement-APSA) ကို ၂၀၀၉ ခုနှစ် မတ်လတွင် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါသဘောတူညီချက်အရ အာဆီယံနိုင်ငံများအတွင်း ပုံမှန်ပြည်တွင်း ရေနံစိမ်း လိုအပ်ချက်ပမာဏ၏ ၁၀ ရာခိုင်နှုန်းလျော့နည်းရောက်ရှိသည့်အခြေအနေကို ရက်ပေါင်း ၃၀ ဆက်တိုက်ကြုံတွေ့ရပါက အဖွဲ့ဝင်နိုင်ငံများမှ ဝိုင်းဝန်းဖေးမကူညီရန် ဖြစ်ပါကြောင်း။

ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ကုန်းတွင်းနှင့် ကမ်းလွန်တို့တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများကို နိုင်ငံခြားကုမ္ပဏီများနှင့် စဉ်ဆက်မပြတ် တိုးချဲ့လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေသည့် အပြင် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် အရေးပေါ် အခြေအနေတွင် သုံးစွဲနိုင်ရန် အရန်ရေနံထွက်ပစ္စည်းများကို သိုလှောင်ထားရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က **''ကျေးလက်တောင်သူများ၏ ကိုယ်ပိုင်လယ်ယာသုံး စက်ကိရိယာများအတွက် အမှန်တကယ် လိုအပ်ချက်ရှိသော စက်သုံးဆီများကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ''** မေးမြန်းရာ နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီ အရောင်းဆိုင်များအား

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပုဂ္ဂလိကသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့ပြီး ၂၀၁၀ခုနှစ် ဇွန်လမှစ၍ ပုဂ္ဂလိက စက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုခဲ့ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများအပေါ်တွင် တရားဝင်ကျသင့်သော အခွန်အခပေးဆောင်၍ ထိုက်သင့်သော အမြတ်အစွန်းရယူကာ ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့ပါကြောင်း၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ စတင်ဖွင့်လှစ်ရောင်းချခဲ့ချိန်မှစ၍ ယခုအချိန်အထိ ဒီဇယ်နှင့် 92 Rom ဓာတ်ဆီတို့ကို ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ ကမ္ဘာ့စက်သုံးဆီပေါက်ဈေးနှုန်း အတက်/အကျ ပေါ်မူတည်၍ ဈေးနှုန်းအရှင်ဖြင့် လွတ်လပ်စွာ လိုချင်သလောက် ရောင်းချပေးနေသည်ကို တွေ့ရှိရပါကြောင်း။

ပြည်တွင်းထုတ်ဓာတ်ဆီကို တစ်ဂါလန်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် တစ်နိုင်ငံလုံး တစ်ပြေးညီရောင်းချစေခဲ့ရာ လက်တွေ့အောက်ခြေဖြန့်ဖြူးရေးမှာ ကမောက်ကမနှင့် နိုင်ငံတော်၏စေတနာကို ပြည်သူကမခံစားရဘဲ လုပ်ပိုင်ခွင့်ရသူနှင့် ဝယ်ရောင်းသမားများကသာ အဓိကအကျိုးခံစားနေရသည့်အတွက် ယခုအခါ လွှတ်တော်၏လိုလားချက်၊ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်အရ နိုင်ငံတော်က အရှုံးမခံတော့ဘဲ ထိုက်သင့်သည့် ဈေးနှုန်းအရှင်ဖြင့် ပြင်ဆင်ရောင်းချရန်ဆောင်ရွက်ခဲ့ရာ ၁-၁-၂၀၁၂ ရက်မှစ၍ ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၀၀၀ ဈေးနှုန်းသို့ စတင်ပြင်ဆင်ရောင်းချခဲ့ပါကြောင်း၊ နိုင်ငံတော်က အရှုံးမခံတော့သကဲ့သို့လုပ်ငန်းရှင်များကိုလည်း ဈေးနှုန်းကန့်သတ်ရန် မဖြစ်သင့်တော့သည့်အတွက် သင့်တင့်သည့် အမြတ်အစွန်းယူပြီး လွတ်လပ်စွာပြန်လည်ရောင်းချခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် လုပ်ငန်းရှင်များ ပြန်ရောင်းသင့်သည့် အနီးဆုံးခန့်မှန်းတွက်ချက်ထားသော ရောင်းဈေးနှုန်းများကိုလည်း မီဒီယာများမှတစ်ဆင့် ကြိုတင်သတင်းထုတ်ပြန်ကာ Public Awareness ရအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့်ဓာတ်ဆီပြင်ပပေါက်ဈေးမှာလည်း ထူးထူးခြားခြား မြင့်တက်လာသည့် အခြေအနေမရှိသည်ကို တွေ့ရပါကြောင်း၊ ဤစနစ်ကျင့်သားရလာသည်နှင့်အမျှဈေးနှုန်းများ နှုန်းရှင်ဖြင့် အဆင်ပြေချောမွေ့စွာ ရောင်း/ဝယ်လာနိုင်တော့မှာဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းမှတ်တမ်းများအရ နိုင်ငံတစ်ဝန်းတွင် ထွန်စက်ကြီး (၁၀၃၄၁)စီး၊ လက်တွန်းထွန်စက် (၂၀၂၄၀၅)စီး၊ ကောက်စိုက်စက် (၆၂)စီး၊ ရေစုပ်စက် (၁၈၄၂၁၈)လုံး၊ စပါးရိတ်စက် (၁၄၉၄)စီး၊ စပါးခြွေလှေ့စက် (၃၈၁၂၁)စီးရှိရာ ကောက်စိုက်စက်အရေအတွက် အနည်းငယ်သာလျှင် ဓာတ်ဆီသုံးဖြစ်ပြီး ကိုယ်ပိုင်လယ်ယာသုံးစက်ကိရိယာ အမျိုးအစား အရေအတွက်များအားလုံးသည် ဒီဇယ်ဆီသုံးစက်ကိရိယာပစ္စည်းများသာဖြစ်ပါကြောင်း၊ ပုဂ္ဂလိကဆိုင်များမှ ဒီဇယ်ဆီကို တစ်နိုင်ငံလုံးတွင် ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် လွတ်လပ်စွာ လိုသလောက် ဖြန့်ဖြူးရောင်းချပေးနေသည့်အတွက် ကိုယ်ပိုင်လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အသုံးပြုရန်လိုအပ်သည့် ဒီဇယ်ဆီကို တစ်နိုင်ငံလုံး မည်သည့်နေရာ ဒေသတွင်မဆို အခက်အခဲမရှိ လွယ်ကူစွာ ဝယ်ယူအသုံးပြုနိုင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ပုဂ္ဂလိကအရောင်းဆိုင်များမှ လက်လီရောင်းဈေးမှာ ပြည်ပနိုင်ငံများက လက်လီဈေးနှင့်ယှဉ်ပါက ပိုမိုသက်သာသော နှုန်းထားများဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

နိုင်ငံပိုင်စက်သုံးဆီအရောင်းဆိုင် (၂၆၁)ဆိုင်ကို ပုဂ္ဂလိကသို့လွှဲပြောင်းရောင်းချ၍ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ရာတွင် ယနေ့အထိဆိုင်ပေါင်း (၂၆၀) ဆက်လက်ဖွင့်လှစ်ရောင်းချနေပြီး စွမ်းအင်ဝန်ကြီးဌာနက စက်သုံးဆီဖြန့်ဖြူးရောင်းချရန် ခွင့်ပြုခဲ့သည့် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အသစ်များမှာ ယနေ့အထိ (၁၃၇)ဆိုင်ရှိပြီဖြစ်ရာ နိုင်ငံတစ်ဝန်းလုံးတွင် လက်ရှိတရားဝင် ဖွင့်လှစ်ရောင်းချနေသည့် စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း (၃၉၇)ဆိုင် ရှိနေပြီဖြစ်ပါကြောင်း၊ အဆိုပြုတင်ပြလျှောက်ထားသည့် ကျန်စက်သုံးဆီ အရောင်းဆိုင်အသစ် (၅၄၅)ဆိုင်ကိုလည်း ထပ်မံကွင်းဆင်းစစ်ဆေးပြီး ဆက်လက်စိစစ်ခွင့်ပြုသွားမှာ ဖြစ်ပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်ဖြန့်ဖြူးသော ရေနံထွက်ပစ္စည်းများ၊ ပြည်ပမှ တင်သွင်းဖြန့်ဖြူးသော ရေနံထွက်ပစ္စည်းများ၏ ရောင်းဈေးနှုန်းများနှင့်ပတ်သက်၍လည်း ဈေးကွက်စီးပွားရေးသဘောအရ အရှုံးခံရောင်းချခြင်းမပြုသကဲ့သို့ ဝယ်ယူသုံးစွဲသူများအတွက် အဆမတန်မြင့်မားသည့် ဈေးနှုန်းမျိုးမဖြစ်စေရန်လည်း သတိပြုဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနအတွင်း ကိုင်တွယ်မှု/လွှဲပြောင်းမှုအဆင့်များကို အတတ်နိုင်ဆုံးလျှော့ချ၍ ထုတ်လုပ်မှုစရိတ်အပေါ် ထိုက်သင့်သည့် အမြတ်ရာနှုန်း အနည်းငယ်မျှဖြင့် ရောင်းချသည့်စနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူသည်။ ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ **''ပေ-ပေါင်-စက္ကန့် ယူနစ် စနစ် (Imperial Unit System) မှ စင်တီမီတာ-ဂရမ်-စက္ကန့် ယူနစ်စနစ် (Metric Unit System) သို့ပြောင်းလဲသုံးစွဲရေး သတ်မှတ်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း''** အဆိုကို တင်သွင်းရာ လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၏ **''ကိုယ်ဝန်ဆောင် ဝန်ထမ်းအမျိုးသမီးများအား မီးဖွားခွင့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း''** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို မွန်းလွဲ ၁ နာရီခွဲတွင် ရပ်နားပြီး ဒုတိယမြောက်နေ့ အစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် ကော်မရှင် ၁ ခုနှင့် ကော်မတီ ၁ ခုတို့အား ဖွဲ့စည်းခြင်း၊ လွှတ်တော်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း၊ မေးခွန်း(၅)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုအား ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းကိုအသိပေး တင်ပြခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် အဆို(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရုပ်မြင်ခံစား ရုပ်သံအစီအစဉ်များ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၅၂)
- ၁၁:၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၇)
- ၂:၀၀ MRTV-4 သတင်း
- ၃:၀၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၉၉)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၅၂)
- ၅:၃၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၃၈)
- ၆:၀၀ MRTV -4 သတင်း
- ၈:၀၀ MRTV -4 သတင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၅၃)
- ၁၀:၅၀ MRTV -4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (ဇာတ်သိမ်းပိုင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၈:၃၅ ၅။ **ချစ်လွန်းလို့**
- ၈:၃၀ ၆။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၅၀ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅:၁၀ ၃။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၅ ၄။ **စုစည်းခံစားကမ္ဘာ့အားကစား**
- ၆:၀၀ ၅။ ညနေခင်းသတင်း
- ၆:၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၇။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇:၀၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (ဒုတိယတွဲ) (အပိုင်း-၂၇)
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ လျှပ်တစ်ပြက်ဟာသများ
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာအသချေ** (အပိုင်း-၁)
- ၁၄။ **သီချင်းချစ်သူ** (အိအိချွန်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

မုံရွာ ဇန်နဝါရီ ၂၆

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၈ ရက်က မုံရွာမြို့ ပညာရေးကောလိပ်၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဟန်၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ဖြူဖြူတင့်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူး စိုင်းဆိုင်ဝမ်းတို့က ယာဉ်မတော်တဆဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ဆိုင်ကယ်စီးနင်းသူနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ အချက်ပြမီးအသုံးပြုမှု၊ လက်ဖြင့်အချက်ပြမှုများနှင့် ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ်များကို ပရိုဂျက်တာဖြင့် သရုပ်ပြရှင်းလင်းပြီးနောက် ဆိုင်ကယ်စီးဦးထုပ် ၁၀ လုံးကို ကျောင်းအုပ်ဆရာကြီးထံသို့ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ကညန)

ကျောက်တံခါး၌ အင်းပတ်မြေသားလမ်း စက်ယန္တရားများဖြင့် ဖောက်လုပ်

ကျောက်တံခါး ဇန်နဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးရဲမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် ဒီဇင်ဘာ ၂၈ ရက်က ကျောက်တံခါးမြို့နယ် အင်းပတ်လည်မြေသားလမ်းအား စက်ယန္တရားများဖြင့် ပြုပြင်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သံတံတားလမ်းနေ ဦးသန်းဇော်ဝင်း-ဒေါ်ဝါဝါဝင်းစိုးတို့၏ သား ဝဏ္ဏဘုန်းသစ် အမည်ပေးကင်ပွန်းတပ်နှင့် တစ်နှစ်ပြည့်မွေးနေ့မင်္ဂလာ အထိမ်းအမှတ် ထာဝရအထွေထွေငွေပဒေသာပင်အတွက် အလှူငွေကျပ် ခြောက်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဂုဏ်ပြုဆုချီးမြှင့်

ဇန်နဝါရီ ၁၅ ရက်က အမှတ် (၅)အခြေခံပညာမူလတန်းကျောင်း တာမွေမြို့နယ်၏ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မယမင်းထွန်းဝင်းအား ကျောင်းအုပ်ဆရာကြီး ဦးငွေအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား

၂၇-၁-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၁၀ ၁။ တရားတော်
၇း၂၀ ၂။ မျိုးချစ်တပ်မတော်
၇း၂၅ ၃။ မြန်မာ့ရှုခင်း
၈း၀၀ ၄။ နိုင်ငံတကာသတင်း
၈း၁၅ ၅။ ဇာတ်လမ်းတို

ညပိုင်း

၄း၂၀ ၁။ ပညာပေးဇာတ်လမ်းတို
၄း၄၅ ၂။ အိုင်စီတီသုတ
၄း၅၅ ၃။ ရန်သူမီး
၅း၃၀ ၄။ **လည်မယ်...စားမယ် ကမ္ဘာတစ်ခွင်ဝယ်**
၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀ ၆။ **ရွှာ** ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၃၃)
ရွှေအိပ်မက်
သူရဇ္ဈ အိုင်းလောင်၊ ဦးမင်းခိုင်နှင့် သရုပ်ဆောင်များ
၆း၄၅ ၇။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်ခွန်းဖွဲ့သီချစ်သူဆီ** (အပိုင်း-၄၅)
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၁၀။ နိုင်ငံတကာသတင်း
၁၁။ မိုးလေဝသသတင်း
၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တစ်နေ့သောအခါ**(အပိုင်း-၁၀)

ကျေးလက်ကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပေါင်းလောင်းတိုက်နယ်ဆေးရုံ ပန္နက်တင်မင်္ဂလာ ကျင်းပ

ပင်လောင်း ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သော ကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပေါင်းလောင်းတိုက်နယ်ဆေးရုံ ပန္နက်တင်မင်္ဂလာနှင့် မင်္ဂလာအုတ်မြစ်ချအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက်က ဖိုကုန်းရွာ ဆေးရုံဆောက်လုပ်မည့်မြေနေရာ၌ကျင်းပရာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် တာဝန်ရှိသူများက စိုက်ထူပေးပြီးမင်္ဂလာရွှေအုတ်၊ ငွေအုတ်များကို အုတ်မြစ်ချပေးခဲ့ကြသည်။

လှူဒါန်းနိုင်

အဆိုပါတိုက်နယ်ဆေးရုံသည် အလျား ၁၂၆ ပေ၊ အနံ ၇၃ ပေ ၆ လက်မ၊ အမြင့်ကိုးပေဖြင့် တစ်ထပ်အုတ်ညှပ် အဆောက်အအုံဖြစ်ပြီး ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဆလိုင်းချစ်လုံး၊ အတွင်းရေးမှူး ဦးစိုးတင့်၊ ထိန်ပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဦး ဖုန်း-၀၉-၄၉၂၇၆၄၄၂၊ သပြေကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွှန့်ဝင်း ဖုန်း-၀၉-၄၉၃၈၄၂၆၀ နှင့် ဦးပန်းခိုင် ဖုန်း-၀၉-၄၉၃၈၄၂၅၉ တို့ထံသို့ ဆက်

သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေါင်းတည်မြို့နယ်၌ ဓမ္မဂုဏ်ရောင်စာကြည့်တိုက်သစ်ဖွင့်

ပေါင်းတည် ဇန်နဝါရီ ၂၆

ပြည်ခရိုင် ပေါင်းတည်မြို့နယ် အုန်းနဲ့စမ်းကျေးရွာ ဓမ္မဂုဏ်ရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေး၊ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က ဂျာနယ် ၁၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်က အလှူငွေကျပ်တစ်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးခိုင်က ဂျာနယ် ၁၀၀ နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အလှူငွေကျပ်ငါးသောင်း၊ ကျေးရွာစေတနာရှင် အလှူရှင်များက စာအုပ်စာစောင် ၅၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့၌ မီးလောင်ကျွမ်းမှုအချို့ ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့တွင် ယခုရက်ပိုင်းအတွင်း မီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ရာ ဇန်နဝါရီ ၂၃ ရက် နံနက် ၂ နာရီ ၁၃ မိနစ်တွင် မရမ်းကုန်းမြို့နယ် အမှတ် (၆)ရပ်ကွက် ကုန်းမြင့်သာလမ်း ခြံအမှတ် (၆)ရှိ ဒေးလိုက် ဇာထိုးပန်းထိုး စက်ရုံ ပေ ၁၀၀၊ ပေ ၆၀၊ သွပ်မိုး၊ သွပ်ကာ ကွန်ကရစ်ခင်းတစ်ထပ်အဆောက်အအုံ၌ လျှပ်စစ်ရေနွေးအိုးတည်ထားရာမှ အပူလွန်ကဲကာ စတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုကြောင့် အဆောက်အအုံ၊ ဇာထိုးပန်းထိုးစက်များနှင့် လိုက်ထရပ်ကားတစ်စီး မီးလောင်ပျက်စီးဆုံးရှုံးသွားပြီး အမျိုးသမီးငယ်နှစ်ဦး မီးဟပ်သည့် ဒဏ်ရာများ ရရှိခဲ့သည်။

စတင်လောင်ကျွမ်း

အလားတူ ဇန်နဝါရီ ၂၁ ရက် နံနက် ၁ နာရီ ၅ မိနစ်ကလည်း တောင်ဥက္ကလာပမြို့နယ် အမှတ် (၈)ရပ်ကွက် ရတနာလမ်း အမှတ် (၈၆) အာရ်စီသုံးထပ် အဆောက်အအုံမြေညီထပ်ရှိ ကားပစ္စည်းအရောင်းဆိုင်၌ ငွေရေစက် ဆေ့ဂတ်အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ **(ကိုကြီးသာ)**

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

အနောက်တိုင်းဆေးဝါးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း နှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိသည်။

ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါတိုင်းရင်းဆေးဝါးများသည် အနောက်တိုင်းဆေးဝါးရောနှောပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁။	တိုင်းမြို့သူ လေးဖက်နာနှင့်နှာစေး နှာပိတ်ပျောက်ဆေး	ဒေါ်ဖြိုးဖြိုးဇော်၊ တိုက်-၁၂၊ အခန်း(၂၅)၊ ပြည်ကြီးရိပ်မွန် (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်	အနောက်တိုင်းဆေးဝါးရော၊ မှတ်ပုံတင်မရှိ
၂။	ဝိဇ္ဇာ သန်ချအားတိုးဆေး	လိပ်စာမပါ	အနောက်တိုင်းဆေးဝါးရော၊ မှတ်ပုံတင်မရှိ
၃။	နှင်းဆီတစ်ပွင့် မုဆိုးကျော်ဆေး	လိပ်စာမပါ	မှတ်ပုံတင်မရှိ
၄။	နဂါးနှစ်ကောင် လေပန်း၊ သလိပ်ပန်း၊ ချွဲကြေဆေး	နဂါးနှစ်ကောင်ဆေးတိုက်	မှတ်ပုံတင်မရှိ
၅။	နဂါးနှစ်ကောင်- ချောင်းဆိုးပျောက်ဆေးကြီး	နဂါးနှစ်ကောင်ဆေးတိုက်	မှတ်ပုံတင်မရှိ
၆။	ဇော်ဂျီ-ဓာတ်ထိန်းဖြေဆေးကြီး	လိပ်စာမပါ	မှတ်ပုံတင်မရှိ
၇။	မြင်းနီ-အရိုးဆက်အကြောပြေဆေး	လိပ်စာမပါ	မှတ်ပုံတင်မရှိ
၈။	သမားတော်ကြီးဆရာရှိန် အပူသတ်ဆေးချို	အမှတ်-၃၀၂၊ ရန်ရှင်းလမ်း၊ ဟင်္သာတမြို့	မှတ်ပုံတင်မရှိ
၉။	ဒေါင်း-ဝမ်းနှင့်လေဆန်နာ၊ သူငယ်နာပျောက်ဆေး	၃၅၉၊ ညောင်ပင်ဈေး၊ ဟင်္သာတမြို့	မှတ်ပုံတင်မရှိ
၁၀။	ရွှေပဒုမ္မာ အစာကြေရသင့်ဆေးပြား	ရွှေပဒုမ္မာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး (၅၇၇)၊ အေရုံ၊ သိမ်ကြီးဈေး၊ ရန်ကုန်မြို့	မှတ်ပုံတင်မရှိ
၁၁။	နာမည်ကျော် သွားတံဆိပ် သွားတိုက်ဆေး	အမှတ်(၁၁၄)၊ သုခလမ်း၊ (၉)ရပ်ကွက်နှင့် ဈေးအတွင်း၊ ဓနုဖြူမြို့	မှတ်ပုံတင်မရှိ

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ မှတ်ပုံတင်သက်တမ်းလွန်သောဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသောဆေးဝါးများကို ဝယ်ယူခြင်း မပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစံမညီဆေးဝါးများအား ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **(ကျန်းမာရေးဝန်ကြီးဌာန)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သိမှတ်ဖွယ်ရာ ဓာတုဗေဒ

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၂၂ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်အဆင့်စာမေးပွဲကို ဖြေဆိုကြမယ့်ကျောင်းသား၊ ကျောင်းသူများအတွက် ရည်ရွယ်ပြီး စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ထိထိရောက်ရောက်နဲ့ အမှတ်များများရအောင် ဖြေဆိုနိုင်ရန် Chapter တစ်ခုစီမှာပါတဲ့ အကြောင်းအရာနဲ့ သတိပြုရမယ့် အချက်အလက်တွေကို ပြောသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ ဓာတုဗေဒ မေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေပေးထားမှုကို ရှင်းပြလိုပါတယ်။ မေးခွန်းဟောင်းပုံစံအရ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီးအပိုင်း (၂) ပိုင်းပါဝင်ပါတယ်။ Section-A မှာ မေးခွန်းနံပါတ်(၁) မှ (၅)အထိပါပြီး (၁) မှတ်တန်မေးခွန်းများချည်း ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁) က TRUE or FALSE ဖြေရတဲ့မေးခွန်း၊ မေးခွန်းနံပါတ် (၂) က ကွက်လပ်ဖြည့်၊ မေးခွန်းနံပါတ် (၃) ကတော့ အဖြေမှန်ကိုရွေးချယ်ခြင်း၊ မေးခွန်းနံပါတ် (၄)က အဖြေမှန်တွေကို List A နဲ့ List B ယှဉ်တွဲခြင်းနဲ့၊ မေးခွန်းနံပါတ် (၅)ကတော့ Definition တွေပဲဖြစ်ပါတယ်။ နံပါတ် (၁)မှ (၄)အထိက (၁)မှတ်တန် (၇)ပုဒ်စီ မေးထားပြီး နံပါတ် (၅)ကတော့ (၁)မှတ်တန် Definition (၈)ခု မေးထားပါတယ်။ ဒါကြောင့် Section-A မှာ စုစုပေါင်း (၃၆) မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ နံပါတ် (၆) (၇) (၈) ဆိုပြီး မေးခွန်း (၃)ပုဒ် ပါပါတယ်။ နံပါတ် (၆) မှာ (၂) မှတ်တန် မေးခွန်း (၆)ပုဒ်မေးပြီး အားလုံးဖြေဆိုရမှာဖြစ်ပါတယ်။ နံပါတ်(၇)မှာတော့ (၄)မှတ်တန် မေးခွန်း (၈)ပုဒ်မေးပြီး (၅)ပုဒ်၊ နံပါတ် (၈) မှာတော့ (၈)မှတ်တန် (၈)ပုဒ်မေးပြီး (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း (၁၀၈)မှတ်ထဲက (၆၄) မှတ်ဖိုး ဖြေဆိုရပါမယ်။ စုစုပေါင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရပါမယ်။

မေးခွန်း (၁) မှ (၅) အထိဟာ Chapter တိုင်းနဲ့သက်ဆိုင်တဲ့အတွက် ဒီမေးခွန်းတွေ ဖြေဆိုတဲ့အခါမှာ သတိပြုရမယ့်အချက်တွေကို ဦးစွာပြောပြပါမယ်။

မေးခွန်း (၁) အမှားအမှန်ရွေးချယ်စေတဲ့မေးခွန်းမှာ အဖြေကို T (သို့) F လို့မရေးဘဲ TRUE (သို့) FALSE ဟု အပြည့်အစုံရေးမှသာ အမှတ်ပြည့်ရနိုင်မှာဖြစ်တဲ့အကြောင်း သတိချပ်စေလိုပါတယ်။

မေးခွန်း (၂) ကွက်လပ်ဖြည့်စေတဲ့မေးခွန်းအတွက်အဖြေဟာ စာလုံးပေါင်း အတိအကျမှန်ရပါမယ်။ စာလုံးပေါင်းမှားလျှင် အမှတ်မရနိုင်ပါ။ ဥပမာ (၁) When the temperature is kept constant, the total pressure of a gas mixture is the .... of the partial pressures of different gases. ဆိုတဲ့မေးခွန်းရဲ့အဖြေဟာ sum ဖြစ်ရမယ့်အစား sun (သို့) son လို့ဖြေရင် မှားပါတယ်။

မေးခွန်း (၃) ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ အဖြေမှန်ဟာ တစ်ခုထက်ပိုနေရင် အဖြေအားလုံးကို ဖော်ပြရပါမယ်။ ပြီးတော့ အဖြေမှန်နဲ့ အဖြေမှား နှစ်ခုတွဲပေးလျှင်လည်း အမှတ်မရပါဘူးဆိုတာကို သတိပြုစေလိုပါတယ်။ ဥပမာ (၂) Dilution of sulphuric acid is (endothermic, exothermic, heat evolving) reaction. ဆိုတဲ့ မေးခွန်းရဲ့အဖြေမှန်ဟာ exothermic နဲ့ heat evolving လို့ဖြေမှ အမှတ်ပြည့်ရပါမယ်။

မေးခွန်း (၄) List A နဲ့ List B ယှဉ်တွဲခြင်းမေးခွန်းမှာ သတိပြုရမယ့်အချက်ကတော့ ပုဒ်ခွဲနံပါတ်အပြင် စာသားများအားလုံး အပြည့်အစုံဖော်ပြမှသာ အမှတ်ပြည့်ရပါမယ်ဆိုတာရယ်၊ ပုဒ်ခွဲနံပါတ် အက္ခရာ (a), (b), (c)... နဲ့ ပုဒ်ခွဲနံပါတ် (i), (ii), (iii) ... တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမည်ဆိုပါက အမှတ်မရနိုင်ဘူးဆိုတာရယ် သိထားရပါမယ်။ နောက်တစ်ချက်ကတော့ သေသေချာချာစဉ်းစားပြီးမှ ယှဉ်တွဲပေးရမယ်။ တစ်စုံ မှားတွဲရင် နောက်တစ်စုံဟာ အလိုလို အတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် အမှတ်မှာ (၂) မှတ်လျော့သွားနိုင်ပါတယ်။

ဥပမာ (၃)

List A		List B
(a) Enthalpy change	(i)	bauxite
(b) Na_2CO_3	(ii)	the heat change occurring at constant pressure
(c) Al_2O_3	(iii)	used for softening of hard water

List A		List B
(a) Enthalpy change	(ii)	the heat change occurring at constant pressure
(b) Na_2CO_3	(iii)	used for softening of hard water
(c) Al_2O_3	(i)	bauxite



မေးခွန်း (၅) မှာ (၁) မှတ်တန် Definition တွေ (၈) ပုဒ် ပါပါတယ်။ (၁)မှတ်တန် Definition မှာ စာသားပဲရေးပေးဖို့လိုပါတယ်။ Chapter တိုင်းအတွက် Chapter ထဲမှ Deifinition တွေသာမက Glossary ထဲမှ terms တွေအားလုံးကို လေ့လာကျက်မှတ်ထားရပါမယ်။ ပြီးတော့ အကြောင်းအရာချင်းတူနေရင် Chapter ထဲက ဖြစ်စေ၊ Glossary terms ထဲကဖြစ်စေ ဖြေဆိုလို့ရနိုင်ပါတယ်။ ဥပမာ (၄) Octet rule ကို ဖြေဆိုရာမှာ Chapter ထဲမှာပါတဲ့အတိုင်း- "In forming a chemical bond, atoms gain, lose or share electrons in such a way to attain the stable electronic structures of the noble gases i.e., to have 8 electrons in the outermost shell. This is known as the Octet rule".လို့ ဖြေဆိုနိုင်သလို၊ Glossary ထဲမှာပါတဲ့အတိုင်း-"When an atom of one element combines with that of another element to form a compound each of the atoms tries to attain the stable electronic structures of noble gases. This is known as the Octet rule". လို့လည်း ဖြေဆိုနိုင်ပါတယ်။

အခုဆက်လက်ပြီး Section-B မေးခွန်း (၆) မှ (၈) အထိ ဖြေဆိုတဲ့အခါမှာ Chapter အလိုက် သတိပြုရမယ့်အချက်တွေကို ပြောပြပါမယ်။ ဒီ Section-B မှာ definition မေးရင် (၂)မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေ ရေးပေးရပါမယ်။

ဥပမာ (၅) What is the ionization energy ?

Answer. The amount of energy required to remove an electron from a gaseous atom to form a gaseous ion is called the ionization energy.

e.g. $Na (g) + energy \rightarrow Na^+ (g) + \bar{e}$

Chapter (1) The Electronic Structures of Atoms, Periodic Table and Chemical Bonds မှာတော့ element မှာပါတဲ့ p, e^-, n တွက်တာတွေ၊ Periodic table မှာ element တွေရဲ့ တည်နေရာရှာဖွေပုံ၊ valency ရှာပုံ၊ element အမျိုးအစားခွဲပုံ၊ ဒီ element တွေရဲ့ size, ionization energy, electron affinity, electronegativity, electropositivity နှိုင်းယှဉ်ပုံနဲ့ အကြောင်းပြချက်တွေ၊ Ionic compounds နဲ့ covalent compound တွေရဲ့ ဂုဏ်သတ္တိခြားနားမှုတွေ၊ Octet rule မှ သွေဖည်တဲ့ ဒြပ်ပေါင်းတွေကို ကျေကျေညက်ညက် သိထားရပါမယ်။ ဒါ့အပြင် element တစ်ခုနဲ့တစ်ခု ပေါင်းတဲ့အခါ ဘယ်လို ဓာတ်စည်းမျိုးနဲ့ ပေါင်းစပ်ထားသလဲ။ ပေါင်းစပ်ပုံကို e^- dot-cross နဲ့ ရေးပုံရေးနည်းတွေကို လေ့ကျင့်ထားရပါမယ်။ Atom တွေရဲ့ electronic structures ကို ရေးရင် Complete electronic structures လား၊ Essential electronic structures လားဆိုတာကို သေသေချာချာဆန်းစစ်ပြီးမှ ဖြေဆိုဖို့နဲ့ Shell, sub-shell များကိုပါ ပြည့်ပြည့်စုံစုံဖော်ပြရန် လိုပါတယ်။

ဥပမာ (၆) Write down the complete and essential electronic structures of ${}_{16}S$.

Answer : Complete electronic structure of ${}_{16}S = 1s^2, 2s^2\ 2p^6, 3s^2\ 3p^4$ (not 2.8.6)

Essential electronic structure of ${}_{16}S = 3s^2\ 3p^4$

Elements များပေါင်းစပ်ပြီး ဓာတ်စည်းဖြစ်ပေါ်လာပုံနဲ့ပတ်သက်ပြီး သတိပြုရမယ့်အချက်တွေထဲက တစ်ချက်ကတော့ ဖြစ်ပေါ်လာတဲ့ဒြပ်ပေါင်းကို electron dot-cross ဖြင့်ဖြစ်စေ၊ ဓာတ်စည်း ဖြစ်ပေါ်လာပုံ ညီမျှခြင်းကို electron dot-cross ဖြင့်ဖြစ်စေ ရေးတတ်အောင် လေ့ကျင့်ထားဖို့လည်းလိုအပ်တဲ့အပြင် ဓာတ်စည်းအမျိုးအမည်ကိုလည်း သိထားဖို့လိုပါတယ်။ တကယ်လို့ ionic compound တွေ ဖြစ်နေရင် +, - charge ထည့်ပေးဖို့လိုအပ်ပါတယ်။

ဥပမာ (၇) A compound is formed between ${}_5A$ and ${}_9B$.

(a) Name the type of bonding existing between A and B.
(b) Write down the electron dot-cross formula of the compound formed.
(c) Write down the formation of the compound using electron dot-cross formula.

Answer: (a) Covalent bond

(b)



(c)



ဥပမာ (၈) The following elements are given and answer the following questions.

${}_{12}Mg$, ${}_9F$

(i) Name the type of bonding existing between above two elements.
(ii) Write down the chemical formula of the compound formed.
(iii) Write down the electron dot-cross formula of the above compound.

Answer: (i) Ionic bond is formed between ${}_{12}Mg$ and ${}_9F$.

(ii) MgF_2

(iii)



Atom တွေရဲ့ size (သို့) ionization energy (သို့) electron affinity တို့ကို နှိုင်းယှဉ်တဲ့အခါမှာ (၁) ဒီ atom တွေရဲ့တည်နေရာကို periodic table မှာ ရှေးဦးစွာရှာဖွေရမှာဖြစ်ပါတယ်။ (၂) တည်နေရာ သိသွားပါက ၄င်းတို့၏ size ကို နှိုင်းယှဉ်မှုပြုလုပ်နိုင်မှာဖြစ်ပါတယ်။ (၃) size ကိုသိရင် nuclear attractive force ကို ခန့်မှန်းနိုင်မှာဖြစ်ပါတယ်။ ဆိုလိုတာက Atom တွေရဲ့ size နဲ့ ionization energy (သို့) electron affinity တို့ဟာ ဘယ်လို ဆက်စပ်မှုရှိနေတယ်ဆိုတာကို သေသေချာချာ သဘောပေါက်ရမှာ ဖြစ်ပါတယ်။

ဥပမာ (၉) Which element has the lowest ionization energy in the following group of elements?

${}_4Be$, ${}_{12}Mg$, ${}_{20}Ca$

Answer : They are in the same group (or) group IIA.

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

Atomic sizes : $_4Be < _{12}Mg < _{20}Ca$

∴ Ca has the largest radius.

∴ The ease to remove the electron from outermost shell :

$_4Be < _{12}Mg < _{20}Ca$

∴ Ca has the lowest ionization energy.

ဒါပေမယ့် ခြွင်းချက်အနေနဲ့ atom တွေရဲ့ subshell မှာ e တစ်ဝက် (သို့) အပြည့်ဖြည့်ဝင်နေရင် တည်မြဲတဲ့အတွက် e ထွက်ဖို့မလွယ်တာကြောင့် ဒီလို atom မျိုးတွေ ionization energy ဟာ ပိုကြီးတယ်ဆိုတာ သိထားသင့်ပါတယ်။ ဥပမာ- $_4Be = 1s^2, 2s^2$ နဲ့ $_5B = 1s^2, 2s^22p^1$ မှာဆိုရင် $_4Be$ က size ကြီးနေသော်လည်း 2s subshell မှာ e အပြည့်ဝင်နေတဲ့အတွက် ionization energy ပိုကြီးတယ်။

Chapter (2) The Gaseous State and Gas Law မှာတော့ ဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့ Law တွေကို ကျေကျေညက်ညက် ကျက်ရပါမယ်။ Law တွေကို စာသားနဲ့ရေးတာအပြင် သင်္ချာဖော်ပြချက်တွေနဲ့လည်း ရေးတတ်ရပါမယ်။ law တွေကို mathematical expression နဲ့ရေးရင်တော့ constant term တွေပါအောင် ရေးရမှာပါ။ expression မှာပါတဲ့ symbol တွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ထည့်ပေးဖို့လိုပါတယ်။ constant term မပါရင်တော့ law တွေရဲ့ အဓိပ္ပာယ်ပြောင်းလဲသွားနိုင်ကြောင်း သိထားရပါမယ်။ Law တွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (သို့) mathematical expression ပေးပြီး Law အမည်ကို ပြန်ရေးတဲ့အခါ အပြည့်အစုံပါရပါမယ်။

ဥပမာ (၁၀) State Dalton's Law of partial pressures in mathematical expression only.

Answer : $P_{total} = P_1 + P_2 + P_3 + - - -$ (at constant temperature)

P_{total} = Total pressure of gas mixture;

P_1, P_2, P_3 = partial pressures of different gases

ဥပမာ (၁၁) Which law represents the following expression ?

$r \propto \frac{1}{\sqrt{d}}$ (at the same temperature and pressure)

Answer: Graham's Law of Gaseous Diffusion လို့ဖော်ပြရမှာဖြစ်ပြီး Graham's Law ဆိုရင် မပြည့်စုံပါဘူး။

Law နှင့်ပတ်သက်တဲ့ ပုစ္ဆာတွေတွက်တဲ့အခါမှာ အသုံးပြုရမယ့် gas law equation တွေကို ဖော်ပြပေးပြီး အဆင့်မကျော်ဘဲ တွက်ရပါမယ်။ unit များကိုလည်း မှန်ကန်စွာ ဖော်ပြရမှာဖြစ်ပြီး unit များမလိုအပ်ပါက မထည့်မိဖို့လည်း သတိထားရမှာဖြစ်ပါတယ်။

ဥပမာ (၁၂) Helium gas diffuses 6 times as fast as an unknown gas. What are the molecular weight, molecular mass and relative molecular mass of the gas ? (He = 4)

Answer :

$r_{He} = 6r_x$

$M_{He} = 4 \text{ g mol}^{-1}$

By Graham's Law of gaseous diffusion

$r_{He} = 6r_x \text{ (or) } \frac{r_{He}}{r_x} = 6$

$M_{He} = 4 \text{ g mol}^{-1}$

$\frac{r_{He}}{r_x} = \sqrt{\frac{M_x}{M_{He}}}$

$6 = \sqrt{\frac{M_x}{4}}$

$36 = \frac{M_x}{4}$

∴ Mx = 36 × 4 = 144 gmol^{-1}

∴ Molecular weight of the gas = 144 amu

∴ Molar mass of the gas = 144 gmol^{-1}

∴ Molecular mass of the gas = 144 amu

∴ Relative molecular mass of the gas = 144 (no unit)

Chapter (3) Stoichiometry အခန်းမှာ Formula masses (formula weight)၊ molar mass, relative molecular mass, % composition, empirical formula, limiting quantities တို့နှင့် ပတ်သက်တဲ့ ပုစ္ဆာတွေကို တွက်တတ်ရမယ့်အပြင် unit ထည့်ရန် လိုမလိုကိုလည်း သိထားရပါမယ်။ ဒါ့အပြင် molarity, dilution, titration နဲ့ပတ်သက်တဲ့ ပုစ္ဆာတွေတွက်တဲ့အခါမှာ mole concept ကို သိရှိနားလည် သဘောပေါက်ရန်လိုအပ်ပါတယ်။ molarity နဲ့ ပတ်သက်တဲ့ပုစ္ဆာတွေမှာ ဥပမာ- molarity, volume, mass, mole အစရှိတာတွေကို တွက်တတ်ရမှာဖြစ်ပြီး dilution နဲ့ပတ်သက်တဲ့ ပုစ္ဆာတွေ၊ Titration နဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် သေသေချာချာ တွက်ချက်တတ်ရပါမယ်။ ပုစ္ဆာတွေမှာ ဓာတ်ပြုခြင်းရဲ့ ဓာတ်ပြုအချိုးကို ဓာတ်ပြည့်မျှခြင်းမှ ယူရတဲ့အတွက် balanced equation ကို မှန်ကန်အောင်ရေးတတ်ရပါမယ်။ chemical formula မှားရင် equation မှားမယ် (သို့) formula မှန်နေသော်လည်း equation မှားတာနဲ့ mole ratio မှားနိုင်တဲ့အတွက် ပုစ္ဆာတစ်ပုဒ်လုံး မှားသွားနိုင်ပါတယ်။

Chapter (4) Electrolysis အခန်းမှာတော့ Cathode anode reactions များကိုရေးတတ်ဖို့၊ အသုံးပြုတဲ့ electrodes, electrolytes အမျိုးအစားပေါ် မူတည်ပြီး ထွက်ရှိလာတဲ့ Electrolysis Products များလည်း ကွဲပြားကြောင်းသိရှိဖို့၊ electrolysis ကို လွှမ်းမိုးနေတဲ့ အချက်(၃)ချက် (factors influencing electrolysis) ကိုလည်း နားလည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။

Electrolysis ဆိုင်ရာပုစ္ဆာတွေမှာ Faraday's Laws ကိုအသုံးပြုပြီး amount of metal deposited on cathode, relative atomic mass, quantitiy of electricity ကို တွက်ချက်တာတွေ ပါဝင်ပါတယ်။ ပုစ္ဆာတွေတွက်တဲ့အခါ deposit ဖြစ်တဲ့ product (mole) နဲ့ electron (mole) တို့ရဲ့ ဆက်စပ်မှုမှတစ်ဆင့် တွက်ယူရမှာဖြစ်ပါတယ်။ Electrolysis ကို လက်တွေ့အားဖြင့် electroplating, purification of crude metals တွေမှာ အသုံးပြုကြကြောင်းနဲ့ electroplating ကို ပြုလုပ်ရတဲ့အကြောင်းရင်းတွေကိုလည်း သိရှိထားဖို့လိုပါတယ်။ ဒီလို လျှပ်စစ်ဖြိုခွဲခြင်းတွေကို electroplating လုပ်ငန်းများဖြစ်တဲ့ ငွေရည်စိမ်ခြင်း (silver plating) နဲ့ ခရိုမီယမ်စိမ်ခြင်း (chromium plating) တွေမှာသုံးပါတယ်။ ဒီ electroplating နှစ်မျိုးမှာသုံးတဲ့ cathode, anode, electrolyte တွေကို သေသေချာချာ ကျက်မှတ်ထားရပါမယ်။

Chapter (5) Oxidation and Reduction အခန်းမှာတော့ Oxidation number များကို တစ်ဆင့်ပြီးတစ်ဆင့် တွက်တတ်အောင် လေ့လာထားရပါမယ်။ oxidation number မှာ + နဲ့ - လက္ခဏာတွေ ထည့်ပြီးဖော်ပြရပါမယ်။

ဥပမာ (၁၃) What is the oxidation number for the carbon in $NaHCO_3$?

Answer:

$$\begin{aligned} Na + H + C + 3(O) &= 0 \\ (+1) + (+1) + C + 3(-2) &= 0 \\ +2 + C - 6 &= 0 \\ C - 4 &= 0 \\ C &= +4 \\ \text{Oxidation number of C} &= +4 \end{aligned}$$

Oxidation, Reduction reactions ညှိတတ်အောင် လေ့လာထားရပါမယ်။ Electron ဟာ ဘယ်ဓာတ်ပစ္စည်းကနေပြီး ဘယ်ပစ္စည်းသို့ပြောင်းရွှေ့သွားတယ်ဆိုတာရယ်၊ ဘယ်ဓာတ်ပစ္စည်းက ဓာတ်တိုးပြီး ဘယ်ဓာတ်ပစ္စည်းက ဓာတ်လျော့တယ်ဆိုတာကို သိရှိသဘောပေါက်မှသာ ဓာတ်တိုးပစ္စည်း (oxidizing agent), ဓာတ်လျော့ပစ္စည်း (Reducing agent) တို့ကို ခွဲခြားတတ်မှာဖြစ်ပါတယ်။ ဓာတ်တိုးပစ္စည်း (oxidizing agent), ဓာတ်လျော့ပစ္စည်း (Reducing agent) တို့ကို ခွဲခြားရာမှာ ဓာတ်ပြုပစ္စည်းဘက်က သာလျှင် စဉ်းစားရမှာဖြစ်ပါတယ်။ Oxidation-Reduction Equation ညှိရာမှာ ညှိပုံ(၂)မျိုး (half reaction method & oxidation number method) စလုံးကိုသုံးပြီး တစ်ဆင့်ပြီးတစ်ဆင့် မှန်ကန်အောင်ရေးတတ်အောင် လေ့လာလေ့ကျင့်ထားရပါမယ်။ ဒါမှသာ ဘယ်နည်းကိုမေးမေး သက်ဆိုင်ရာနည်း အသုံးပြုပြီး မှန်ကန်စွာဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ဥပမာ (၁၄)



ZnO is reduced to Zn. Therefore ZnO is oxidizing agent.

C is oxidized to CO. Therefore C is reducing agent.

Chapter (6) Rate of Reactions and Equilibria အခန်းမှာတော့ ဓာတ်ပြုနှုန်းကို လွှမ်းမိုးတဲ့အချက် (၆)ချက်နှင့် ဓာတ်ပြုမျှခြေကို လွှမ်းမိုးနေတဲ့အချက် (၃) ချက်ကို ကွဲကွဲပြားပြားဖြစ်အောင် လေ့လာကျက်မှတ်ရမှာဖြစ်ပါတယ်။ ဓာတ်ပြုမျှခြေကို တစ်ဖက်သွားမြား (→) အစား အပြန်အလှန်မြား (⇌) ကို အသုံးပြုရမယ်ဆိုတာ သေသေချာချာ သိရှိထားရမှာ ဖြစ်ပါတယ်။

တစ်ဖန် Le Chatelier's principle ရဲ့ သဘောတရား နားလည်မှုကို စစ်ဆေးတဲ့ ဥဏ်စမ်းပုစ္ဆာများကိုလည်း သေသေချာချာထိထိမိမိနဲ့ အမှတ်ပြည့်ရအောင်ဖြေဆိုတတ်ဖို့ လေ့ကျင့်ထားရပါမယ်။ Pressure effect ကို အငွေ့အခြေအနေမှာရှိတဲ့ ဓာတ်ပစ္စည်းများအတွက်သာ စဉ်းစားရမှာဖြစ်ပြီး အခဲနှင့်အရည် အခြေအနေဆိုရင် Pressure effect မရှိဘူးဆိုတာ သေသေချာချာ သတိပြုရပါမယ်။ ဓာတ်ပြုပစ္စည်းများရဲ့ Total volume နဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ Total volume တူညီနေလျှင်လည်း Pressure effect မရှိကြောင်း သိရှိထားရပါမယ်။ ဓာတ်ပြုမျှခြေအပေါ် အပူချိန်သက်ရောက်မှုကို လေ့လာရာမှာတော့ ပေးထားတဲ့ ဓာတ်ပြုခြင်းဟာ အပူစုပ်ဓာတ်ပြုခြင်းလား၊ အပူထွက်ဓာတ်ပြုခြင်းလားဆိုတာကို ဆန်းစစ်ဖို့လိုပါတယ်။ ဒါ့အပြင် ဓာတ်ပြုမျှခြေအပေါ် ပါဝင်ကိန်းသက်ရောက်မှုကိုလည်း လေ့လာထားရပါမယ်။

Chapter (7) Energy changes in chemical reactions မှာ Hess's law ကို ဥပမာနဲ့ဖော်ပြရင် မြားတွေရဲ့ ဦးတည်ဘက်မှန်အောင် ဖော်ပြဖို့သတိပြုရပါမယ်။

ဥပမာ (၁၅) C (graphite) + O_2 (g) ⟶ CO_2(g) $\Delta H^\theta = -393 \text{ kJmol}^{-1}$



$\Delta H_I^\theta = \Delta H_{II}^\theta + \Delta H_{III}^\theta$

ဒါ့အပြင် thermochemical equations တွေကို ရေးသားတဲ့အခါမှာ substance တွေရဲ့ physical states တွေ၊ Heat change ရေးဖို့၊ Heat change မှာ အပေါင်း (သို့) အနုတ်လက္ခဏာများ ထည့်ပေးဖို့မမေ့ရန် အထူးသတိပြုရပါမယ်။

Hess's law ပုစ္ဆာတွေတွက်တဲ့အခါမှာ အထူးဂရုပြုရမယ့်အချက်တွေကတော့ Heat of formation (သို့) heat of combustion လားဆိုတာကို သေသေချာချာဆန်းစစ်ပြီးမှ ဓာတ်ပြည်မျှခြင်းကို ရေးဖို့၊ ဓာတ်ပြည်မျှခြင်းညှိဖို့ လိုအပ်ပါတယ်။ ဒီဓာတ်ပြည်မျှခြင်းတွေမှာပါတဲ့ substance တွေရဲ့ physical states၊ Heat change နဲ့ လက္ခဏာများ၊ unit များကို ပြည့်ပြည့်စုံစုံ ထည့်သွင်းဖော်ပြရပါမယ်။

တွက်တဲ့အခါမှာ Heat of formation or heat of combustion အတွက်ဆိုရင် Heat change ရဲ့ unit မှာ kJmol^{-1} ဖြစ်ပြီး ဓာတ်ပြည်မျှခြင်းများကို ညီအောင်ညှိတဲ့အခါ မြှောက်ဖော်ကိန်းပါလာခဲ့ရင် Heat change ရဲ့ unit ဟာ kJ ဖြစ်ကြောင်းသိရပါမယ်။ ဓာတ်ပြည်မျှခြင်းများ ပြောင်းပြန်ရေးလိုက်ရင်လည်း Heat change ရဲ့ လက္ခဏာဟာ ပြောင်းပြန်ဖြစ်သွားမှာဖြစ်ကြောင်းလည်း သတိပြုရပါမယ်။ ညီမျှခြင်းကို ပြောင်းပြန်ရေးရင် Unit မှာ kJ ဖြစ်ပါတယ်။ နောက်ဆုံးအဖြေမှာ Heat of formation ဆိုရင် Heat change ရဲ့ သင်္ကေတဟာ ΔH_f^θ ဖြစ်ပြီး Heat of formation or heat of combustion ရဲ့ unit မှာ kJ mol^{-1} ဖြစ်ရမယ်ဆိုတာ သေသေချာချာသိထားဖို့လိုပါတယ်။ heat change ပမာဏပေးပြီး substance တွေရဲ့ mass ကို မေးတဲ့ပုစ္ဆာတွေကိုလည်း လေ့လာထားရပါမယ်။

ဥပမာ (၁၆)

C (graphite) + O_2(g) ⟶ CO_2(g) $\Delta H_f^\theta = -393 \text{ kJmol}^{-1}$

2C (graphite) + $2O_2$(g) ⟶ $2CO_2$(g) $\Delta H^\theta = -786$ kJ

CO_2(g) ⟶ C (graphite) + O_2(g) $\Delta H^\theta = +393$ kJ

➢ Heat change for Heat of formation = ΔH_f^θ

➢ Heat of formation or heat of combustion = a kJmol^{-1}

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

စာမျက်နှာ ၁၆ မှ

Calculation of mass of substance from heat change

Chapter (8) Some important metals and their compounds နဲ့ Chapter (9) Metal reactivity ကတော့ metallurgy နှင့်ပတ်သက်တဲ့အခန်းတွေ ဖြစ်ပါတယ်။ ပထမဦးစွာ သတ္တုတွေရဲ့ activity series ကို လေ့လာသဘောပေါက်ထားရန်လိုပါတယ်။ သို့မှသာ ဘယ်သတ္တုတွေဟာ electrolysis နည်းဖြင့်ထုတ်နိုင်တယ်၊ ဘယ်သတ္တုတွေဟာ reduction နည်းဖြင့်ထုတ်နိုင်တယ်၊ ဘယ်သတ္တုတွေဟာ သဘာဝအတိုင်း တွေ့နိုင်တယ်ဆိုတာကို သိနိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် ဒီအခန်းမှာ သတ္တုရိုင်း (ore) တွေကနေ သတ္တုထုတ်ဖော်ပုံ၊ သတ္တုများပါတဲ့ ဒြပ်ပေါင်းတွေရဲ့ ထုတ်ဖော်ပုံ၊ သတ္တုနဲ့သတ္တုပါသော ဒြပ်ပေါင်းတွေရဲ့ ဓာတ်ပြုနိုင်စွမ်းဂုဏ်သတ္တိ (chemical reaction equation) တွေ၊ သတ္တုရိုင်းနဲ့ဒြပ်ပေါင်းတွေရဲ့ အမည်၊ chemical formula နဲ့ အသုံးပြုပုံတွေ၊ steel အမျိုးအစား(၅)မျိုး၊ alloy ရဲ့ composition တွေ၊ ၄င်းတို့ရဲ့အသုံးဝင်ပုံတွေကိုလည်း သိထားရပါမယ်။ ပြီးတော့ Rusting ကို ကာကွယ်တဲ့နည်းတွေကိုလည်း လေ့လာထားဖို့လိုပါတယ်။

Chapter (10) Nitrogen and its compounds, Chapter (11) Sulphur and its compounds နဲ့ Chapter (12) The Halogens အခန်းများကတော့ nitrogen, sulphur, halogen တွေနဲ့ဆိုင်တဲ့ ဓာတ်ခွဲခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေ ဥပမာ- nitrogen အခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံ (၅) ခု (N_2, NH_3, NO, N_2O, NO_2) နဲ့ ammonium hydroxide (ammonia solution) ကို ဓာတ်ခွဲခန်းမှာပြုလုပ်ပုံ၊ sulphur အခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံ (၃) ခု (H_2S, SO_2, SO_3)၊ halogen အခန်းမှာ ဓာတ်ငွေ့ ထုတ်ဖော်ပုံ (၃) ခု (Cl_2, Br_2, I_2) နဲ့ ammonia, nitric acid, sulphuric acid, chlorine အမြောက်အမြားထုတ်ဖော်ပုံတွေကို သက်ဆိုင်ရာမှန်ကန်တဲ့ပုံ၊ မှန်ကန်တဲ့ စာညီမျှခြင်း၊ သင်္ကေတညီမျှခြင်းတို့နဲ့တကွ ကျက်မှတ်ထားရမှာဖြစ်ပါတယ်။ nitrogen, sulphur, halogen တွေနဲ့ဆိုင်တဲ့ဓာတ်ငွေ့များနှင့် ဒြပ်ပေါင်းများရဲ့ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနဲ့ အသုံးဝင်ပုံတွေကိုလည်းသိထားရမှာဖြစ်ပါတယ်။

ပုံဆွဲတဲ့အခါမှာ သတိပြုရမယ့်အချက်တွေကတော့ chemical များကို မှန်ကန်စွာထည့်ရန်၊ အပူပေးခြင်း ပါမပါ ဆန်းစစ်ရန်၊ လေထဲမှာ ဓာတ်ငွေ့စုယူတဲ့အခါ ဓာတ်ပို့ပြွန်ဟာ ဓာတ်စုကျည်တောက်ရဲ့ တစ်ဝက်ကျော်ရှိရန်၊ ရေထဲမှာ ဓာတ်ငွေ့စုယူရင်တော့ ဓာတ်ပို့ပြွန်နှင့်ပျားအုံစင်ဟာ ရေထဲမှာ နစ်နေရန်၊ မြူအိုးပုံကတော့ရှည်သုံးရင် ကတော့ပြွန်ဟာ အက်ဆစ်ထဲမှာ နစ်နေရန်၊ အစက်ချကတော့သုံးရင် tap ထည့်ရန် မမေ့ဖို့တို့ဖြစ်ပါတယ်။ ဓာတ်ငွေ့ထုတ်ဖော်ပုံ ဖြေဆိုရာမှာတော့ သတိပြုရန်အချက်များကို ပြောပါမယ်။ ဓာတ်ငွေ့ထုတ်ဖော်ပုံဖြေဆိုရာမှာတော့ Chemical တွေ၊ Heat ပါ မပါ၊ ထွက်တဲ့ gas စုဆောင်းပုံနဲ့ ဓာတ်ငွေ့ဟာ ဓာတ်စုကျည်တောက်မှာ ပြည့်မပြည့်၊ ခြောက်သွေ့အောင် ပြုလုပ်နည်း စတာတွေပါရပါမယ်။

Chapter (13) Acids, Bases and their neutralization မှာတော့ acid, base အမျိုးအစားနှင့် ယင်းတို့ရဲ့ ဓာတ်ပြယ်ခြင်းအကြောင်း၊ ယင်းတို့နဲ့ပတ်သက်တဲ့ ပုစ္ဆာတွက်တာတွေ ပါပါတယ်။ acid, base အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုး၊ conjugate acids & conjugate bases ခွဲခြားသတ်မှတ်ပေးမှုတွေကို သိထားဖို့ လိုပါတယ်။ ဆားအမျိုးအစား (၄) မျိုးဖြစ်တဲ့ salt of a strong acid & a strong base, salt of a strong acid & a weak base, salt of a weak acid & a strong base, salt of a weak acid & a weak base,တို့ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါမှာ ယင်းတို့ရဲ့ pHတန်ဖိုးတွေဘယ်လို ဘာကြောင့်ပြောင်းတယ်ဆိုတာကို အကျိုးအကြောင်း ဆက်စပ်ဖြေရှင်းတတ်ဖို့လည်း လိုအပ်ပါတယ်။ indicators (phenol red, phenolphthalein, litmus, methyl red, methyl orange) တို့ရဲ့ အက်ဆစ်နဲ့ ဗေ့စ်ပျော်ရည်ထဲမှာရှိတဲ့ အရောင်ကိုလည်း သိရပါမယ်။

ပုစ္ဆာတွက်မှာတော့ acid (သို့) base များ၏ concentration ကိုပေးပြီး pH, pOH တွက်ခြင်း၊ pH, pOH ကိုပေးပြီး H^+, OH^- concentration ကိုရှာခြင်း၊ K_a မှ pK_a တွက်ခြင်း၊ buffer solution ရဲ့ pH ကိုတွက်ခြင်းတို့ ပါပါတယ်။ buffer solution နဲ့ဆိုင်တဲ့ ပုစ္ဆာတွက်တဲ့အခါမှာ သတိထားရမယ့်အချက်တွေကတော့ ဆားတွေရဲ့ပြိုကွဲမှုကို တစ်ဖက်သွားညီမျှခြင်း၊ အက်ဆစ်ပျော့တွေရဲ့ပြိုကွဲမှုကို အပြန်အလှန် ညီမျှခြင်းတို့နဲ့ဖော်ပြရန်နှင့် ဘယ်ပုစ္ဆာမှာမဆို concentration ကို square bracket နဲ့ဖော်ပြပြီး unit ကို M (သို့) mol dm^{-3} နဲ့ဖော်ပြရန် လိုအပ်ပါတယ်။ ဒါ့အပြင် ပျော်ရည်ရဲ့ ထုထည်ပေးထားချက်ပေါ်မူတည်ပြီး concentration ကို မှန်ကန်စွာတွက်နိုင်ရပါမယ်။ acid strength တွေကို K_a or pK_a တန်ဖိုးပေါ်မှာ မူတည်ပြီး နှိုင်းယှဉ်တတ်ရပါမယ်။

Chapter (14) Organic Chemistry အခန်းမှာတော့ H/C များဖြစ်တဲ့ Alkane, alkene, alkyne, နှင့် alcohol များရဲ့ အမည်ပေးစနစ်တွေ၊ ထုတ်ဖော်ပုံတွေ၊ Ethanol အမြောက်အမြား ထုတ်ဖော်နည်း (၂) နည်း (fermentation နည်းစဉ်နဲ့ petroleum refinery by-product ဖြစ်တဲ့ ethene ကိုသုံးပြီး ထုတ်လုပ်သည့်နည်းစဉ်)၊ ဂုဏ်သတ္တိတွေ၊ အမည်ရှိဓာတ်ပြုခြင်းတွေ၊ ဒြပ်ပေါင်းတစ်ခုမှ တစ်ခုသို့ပြောင်းလဲခြင်းတွေ၊ ခွဲခြားခြင်းတွေ၊ ဉာဏ်စမ်းပုစ္ဆာတွေကို လေ့ကျင့်မှတ်သားထားရမယ်။

ခွဲခြားနည်းများမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkyne အချင်းချင်းခွဲခြားတတ်အောင်၊ ခွဲခြားရာတွင် မျက်စိဖြင့်မြင်ရသော အရောင်ပြောင်းခြင်း၊ အနည်ကျခြင်းတို့ပါသော ဓာတ်ပြုခြင်းများကိုသာအသုံးပြု၍ ခွဲခြားနိုင်အောင် လေ့လာလေ့ကျင့်ထားရပါမယ်။ အော်ဂဲနစ် ဒြပ်ပေါင်းများရဲ့ isomer များတည်ဆောက်ပုံကို အမည်နှင့်တကွ ရေးတတ်ဖို့လည်း လေ့လာထားရပါမယ်။

နောက်ထပ်သတိပြုရမယ့်အချက်ကတော့ ဓာတ်ပြုညီမျှခြင်းများကိုရေးတဲ့အခါမှာ အော်ဂဲနစ်ဒြပ်ပေါင်းများ၏အမည်၊ ဓာတ်ပြုအခြေအနေ အပြည့်အစုံထည့်ရေးပေးဖို့ လိုအပ်ပါတယ်။

ဒီအခန်းမှာ petroleum industry and petrochemicals အကြောင်းများလည်း ပါဝင်ပါတယ်။ non-renewable energy များဖြစ်တဲ့ fossil fuel (coal, crude oil, natural gas) နဲ့ renewable energy များဖြစ်တဲ့ biogas, biodiesel တို့နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ crude oil သန့်စင်တဲ့နည်းစဉ် (fractional distillation)၊ biodiesel ထုတ်ဖော်သည့်နည်းစဉ် (trasnesterification) များကို သိရှိထားရမှာဖြစ်ပါတယ်။

ဒါ့အပြင် Long chain H/Cs မှ ပို၍တန်ဖိုးရှိသော Short chain H/Cs ထုတ်သည့်နည်းစဉ် (catalytic cracking)၊ Biogas ထုတ်ဖော်ပုံ၊ methanol မှ Gasoline ကို Zeolite ZSM-5 ကို အသုံးပြု၍ ထုတ်ဖော်ပုံ၊ Gasoline (liquid fuel) ရဲ့ flash point နဲ့ ignition temperature ခြားနားချက်၊ LPG, CNG တို့နဲ့ပတ်သက်တဲ့ အကြောင်းအရာများကို လေ့လာကျက်မှတ်ထားဖို့ လိုပါတယ်။

နောက်ဆုံး Chapter (15) ကတော့ Chemistry in Society ဆိုတဲ့ လူနေမှုဘဝနဲ့ ဓာတုဗေဒဘာသာရပ်တို့ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းဖြစ်ပါတယ်။ Photosynthesis, Fertilizer (Natural Fertilizer နဲ့ Chemical Fertilizer)၊ အပင်တွေရဲ့ အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကိုအားပေးတဲ့ ဆိုင်ရာ Element (N, P, K) တွေ၊ Insecticides အမျိုးအစားတွေနဲ့ အပင်ကြီးထွားစေတဲ့ Growth substances တွေကို လေ့လာကျက်မှတ်ထားရမယ့်အပြင် Cement ထုတ်ဖော်ပုံအဆင့်ဆင့်၊ Cement ထုတ်ဖော်ရာမှာသုံးတဲ့ ကုန်ကြမ်းပစ္စည်း Raw materials နဲ့ Cement မှာပါတဲ့ အဓိကပါဝင်ပစ္စည်း chief components တွေရဲ့ကွာခြားမှု၊ ပင်လယ်ရေထဲမှာပါဝင်တဲ့ ဆားအမျိုးအစားတွေ (Dissolved and undissolved substances) တွေ၊ ပင်လယ်ရေမှ နေလှန်းဆားထုတ်ဖော်နည်း အဆင့်ဆင့်၊ POP ထုတ်ဖော်ပုံတို့ကိုလည်း သိထားရပါမယ်။

Polymer နဲ့ပတ်သက်တဲ့ terms တွေ၊ Polymers (polyethylene, polypropylene, polyvinylchloride, polytetrafluoroethylene, polystyrene) တို့ရဲ့ monomer တွေ၊ ဂုဏ်သတ္တိတွေ၊ အသုံးဝင်မှုတွေ၊ ပြုလုပ်ပုံညီမျှခြင်းများ၊ Type of polymerizations များ၊ Plastic စွန့်ပစ်ပစ္စည်းတွေရဲ့ Reclycing method တွေကို သိထားရမယ့်အပြင် အတိုကောက်စာလုံးတွေပေးထားရင် long form ကို ရေးတတ်အောင်လည်း လေ့ကျင့်ထားရမှာဖြစ်ပါတယ်။

အကြံပြုချက်

အခု chapter တစ်ခုချင်းအလိုက် လေ့လာကျက်မှတ်ရမယ့်အကြောင်းအရာနဲ့ သတိပြုရမယ့်အချက်တွေကို အသေးစိတ် ဆွေးနွေးပေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာကျက်မှတ်သင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ် နှံ့နှံ့စပ်စပ်ကျက်မှတ်ဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့ လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ questions and problems တွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ဖြေဆိုတဲ့အခါ ပုစ္ဆာများတွက်ရာတွင် လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ အပုဒ်တိုင်းရဲ့ သက်ဆိုင်ရာမေးခွန်းပုစ္ဆာနံပါတ်ကို ဖော်ပြရေးသားဖို့လည်း မမေ့ဖို့ သတိပြုရပါမယ်။ အထူးသတိပြုရမယ့်အချက်ကတော့ မေးခွန်း နံပါတ် (၁) မှ (၆) အထိဟာ လုံးဝရွေးချယ်ခွင့်မရှိတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်း (၁၅)ခန်းလုံးကို နှံ့နှံ့စပ်စပ်သိထားဖို့လိုပါတယ်။

နောက်ဆုံးအနေနဲ့ ဆရာ၊ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ဒီ ၂၀၁၂ ခုနှစ် မတ်လမှာ ဖြေဆိုရမယ့် ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

09-73009869
09-73013432
09-73028433
ပညာရေးဝန်ဆောင်မှုလုပ်ငန်း
ပထမနှစ်မှနောက်ဆုံးနှစ်ထိ
အဝေးသင်
စီးပွားရေး | စီးပွားစီမံ | မြန်မာစာ | ဥပဒေ | E-မေဂျာ | ပထဝီဝင် | သမိုင်း | ဒဿနိက | အရှေ့တိုင်း | စိတ်ပညာ
(4.3.2012) တွင်သင်တန်းများစမည်
(15-2-2012) တွင်အပ်နှံသူများ(20%) Discount ရမည်
မြို့ထဲ = (၃၀၃) (၄-လွှာ)၊ (၄၂) လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်၊
လှည်းတန်း = တိုက် (၂၃)၊ အခန်း(A-4)၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်၊

ဒေါ်လှအေး (SRM-၀၀၃၀၅၆) (ဘ)ဦးလူအိုနှင့်

အများသိစေရန်

သန်လျင်မြို့၊ မြို့သစ်အလယ်ရပ်ကွက်၊ သိမ်ကျောင်းလမ်း၊ အမှတ် ၅ နေအိမ်နှင့် နေအိမ်တည်ရှိရာ ဂရန်မြေကွက်တို့ကို ဦးလူအို၊ ဒေါ်ကြည် (ကွယ်လွန်သူမိဘများ)ထံမှ သားသမီးများဖြစ်သည့် ဦးသိန်းညို၊ ဦးဖေသန်း၊ ဦးလှအောင်ကြည်၊ ဦးသန်းစိုး၊ ဦးပြုံးချိုနှင့် ဒေါ်လှအေးတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ထားကြပါသည်။

၁၉-၁၂-၁၉၉၀ရက်စွဲပါမွေးချင်းများနှင့် ပတ်သက်သော ဝန်ခံကတိပြုသည့် ကတိစာချုပ်အရ လက်ရှိနေထိုင်သူ ဒေါ်လှအေးအနေနှင့် မိမိတစ်ဦးတည်းသဘောဖြင့် ရောင်းချခြင်းမပြုရန်၊ ရောင်းချလိုပါက ကျန်အမွေဆိုင်များ၏ သဘောတူခွင့်ပြုချက်ရရှိမှသာ ရောင်းချပိုင်ခွင့်ရှိကြောင်းချုပ်ဆိုထားခဲ့ပါသည်။

အထက်ကတိစာချုပ်ကို ဖောက်ဖျက်ပါက ကျန်အမွေဆိုင်များက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သက်စုလွင် LL.B — ဦးစိုးဟန် LL.B
အထက်တန်းရှေ့နေ (၃၂၇၉၄) — တရားလွှတ်တော်ရှေ့နေ (၅၈၁၂)
အမှတ်(၅၅/၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း

အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည် အမျိုးသားနေ့အထိမ်းအမှတ် ညည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနေအိမ်၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည် အမျိုးသားနေ့အထိမ်းအမှတ် ညည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

ညည့်ခံပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် ညနေ ၆ နာရီခွဲတွင် ညည့်ခံပွဲကျင်းပရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr.Villur Sundararajan Seshadri က ကြိုဆိုနှုတ်ဆက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ အမျိုးသားသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် အိန္ဒိယသံအမတ်ကြီးနှင့် ညည့်ခံပွဲသို့ တက်ရောက်လာကြသည့် ညည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဇနီး ဒေါ်ခင်စောနှင်းနှင့် ညည့်ခံပွဲသို့ တက်ရောက်လာကြသူများအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညည့်ခံသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်အမျိုးသားနေ့အထိမ်းအမှတ် ညည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်

ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၆

တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး၊ ဒို့တာဝန်ရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင်ဖော်ဆောင်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရရှိရှိ ကျင်းပမည့် ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ●

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ သတင်း အညွှန်း

ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ စာ- ၅၊ ၆၊ ၇

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ စာ- ၈၊ ၉

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅၊ ၁၆ နှင့် ၁၇ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာသင်ခန်းစာကို ဖော်ပြထားပါသည်။